ခန္တီစ တော၊ မင်္ဂလမုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အီဂျစ်အာရပ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၄ခုနှစ် ဇူလိုင်၂၃ရက်၌ ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မိုဟာမက်ဟိုစ်(စ်)နီမူဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ရှင်ကျင့်မြို့နှင့်ဟောင်ကောင်မြို့များ၌ ချစ်ကြည်ရေးခရီးလှည့်လည်လေ့လာ အဆင့်မြင့်နည်းပညာနှင့်စက်မှုဇုန်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရှန်ဟိုင်းမြို့ ဒုတိယမြို့တော်ဝန် Mr. Tang Jie နှင့် အဖွဲ့ဝင်များက ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၇ ရက်က ရှင်ကျင့်မြို့ရှိ ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လေ့လာရန် တည်ဆောက်ထားသော Window of the World ပန်းဥယျာဉ်အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်၏တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်မှ ဖြစ်ထွန်းလာသည့်ရလဒ်ကောင်းများ

နိုင်ငံတော်ဝန်ကြီးချုပ်၏တရုတ်ပြည်သူ့သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် တရုတ်–မြန်မာဆက်ဆံရေးသမိုင်းတွင် ထူးခြားဖြစ်ထွန်းလာသည့် ခရီးစဉ်တစ်ခုဖြစ်ပါသည်။

ကျောက်စိမ်းရုပ်ပွားတော်လှူဒါန်း

မြန်မာနှင့်တရုတ်ခေါင်းဆောင်ကြီးများ အမြော်အမြင်ကြီးစွာ ထူထောင်ခဲ့သည့် ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးသည် တိုးတက်လျက်ရှိရာ ယခုအခါ နိုင်ငံရေး၊ စီးပွားရေးနှင့်ဘာသာရေး ဘက်စုံတိုးတက်နေသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတကာနယ်ပယ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံဘက်မှမားမားမတ်မတ်ရပ်တည်သကဲ့သို့ မြန်မာနိုင်ငံကလည်း One China Policy ကို စွဲမြဲစွာ ကျင့်သုံးပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အစဉ်အမြဲထောက်ခံခဲ့ပါသည်။ ယခုအခါ အနောက်နိုင်ငံများသည် နိုင်ငံရေးရည်မှန်းချက်နှင့် မြန်မာနိုင်ငံကိုနည်းမျိုးစုံနှင့် ဖိအားပေးနေသည့်အချိန်တွင် တရုတ်နိုင်ငံသည် မိတ်ဆွေစစ် မိတ်ဆွေမှန်ဖြစ်သည့်အားလျော်စွာ မြန်မာဘက်မှ ရပ်တည်လျက်ရှိပါသည်။ စီးပွားရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် အရှိန်အဟုန်နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏တရုတ်ခရီးစဉ်တွင် တရုတ်နိုင်ငံခေါင်းဆောင်များနှင့် ရင်းရင်းနှီးနှီးဆွေးနွေးရသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍသစ်များ ထွက်ပေါ်လာခဲ့ပါသည်။ ဘာသာရေးနှင့်ပတ်သက်၍လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်ကိန်းဝပ်သည့် ဗုဒ္ဓစွယ်တော်မြတ်အား သုံးကြိမ်တိုင်တိုင် မြန်မာနိုင်ငံသို့ပင့်ဆောင်ပူဇော်ခွင့်ပြုခဲ့သကဲ့သို့ မြန်မာနိုင်ငံကလည်း စွယ်တော်မြတ်စေတီတွင် ကိန်းဝပ်ရန် အလွန်ထူးခြားတန်ဖိုးထိုက်သည့် ကျောက်စိမ်းရုပ်ပွားတော်နှစ်ဆူကို လှူဒါန်းခဲ့ပါသည်။

ယင်းကဲ့သို့ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးလျက်ရှိခြင်းကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံခေါင်းဆောင်များနှင့် ပြည်သူတို့က ထိုက်ထိုက်တန်တန်ကြိုဆို၍ ဧည့်ဝတ်ပျူငှာစွာ ဧည့်ခံခဲ့ပါသည်။

ကျော်ဖုံးသို့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)

မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာ နှစ်နိုင်ငံ ကဏ္ဍစုံ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုရင်းနှီးချစ်ကြည်မှုရယူပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံဆက်ဆံရေးကို အလေးထား၍လည်းကောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထား၍ လည်းကောင်း လုပ်ငန်းများအကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်နေသော စီးပွားရေးလုပ်ငန်းများနှင့် စက်မှုဇုန်များကို သွားရောက် လေ့လာကြည့်ရှုခဲ့ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းတွင် Pudong စက်မှုဇုန်ရှိ Shanghai Science and Technology Museum သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ Shanghai Pudong New Area People's Government , Vice Mayor, Mr.Endi Zhang က Pudong စက်မှုဇုန်၏တည်နေရာနှင့် အကျယ်အဝန်း၊ စက်မှုဇုန် စတင်ဖွင့်ချိန်တွင် အဓိကစီးပွားရေးမှာ ကုန်ပစ္စည်းထုတ်လုပ်ရေးဖြစ်သော်လည်း ယခုအခါ အဓိကစီးပွားရေးမှာ သိပ္ပံနည်းပညာဖြစ်လာမှု၊ စက်မှုဇုန်၏ ဂျီဒီပီ အရှိန်အဟုန်တိုးတက်လာမှု၊ ဇုန်အလိုက်လုပ်ကိုင်နေသော အဆင့်မြင့်နည်းပညာ၊ အတတ်ပညာတို့ဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ သုတေသနလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများ အဓိကထား ဆောင်ရွက်ပေးနေမှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုရေး၊ ယဉ်ကျေးမှုကဏ္ဍများ ဟန်ချက်ညီညီဖွံ့ဖြိုးလာအောင် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

“မိမိ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်နိုင်ငံ ခေါင်းဆောင်ကြီးများနှင့် တွေ့ဆုံ၍ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း၊ တရုတ်–မြန်မာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ရှန်ဟိုင်းဒေသမှ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာနှင့် တရုတ်နိုင်ငံတို့သည် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ စသည့်ကဏ္ဍစုံတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးသဘောတူခဲ့ကြကြောင်း၊ မြန်မာနိုင်ငံတွင်လည်း သီးသန့်စက်မှုဇုန်များ ဖော်ထုတ်မည်ဖြစ်ရာ Pudong စက်မှုဇုန်မှ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများအား လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ပါကြောင်း”

ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ရှိ Shanghai Urban Planning Exhibition Centre သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng အား ရှန်ဟိုင်းမြို့ Jin Jiang Grand Hall ညှော်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ရှန်ဟိုင်းမြို့ မြို့တော်ဝန် Mr. Han Zheng က ရှန်ဟိုင်းမြို့မှာ တရုတ် ပြည်၏ ဆိပ်ကမ်းမြို့ကြီးဖြစ်သည့်အပြင် စီးပွားရေးဖွံ့ဖြိုးမှုမှာလည်း အရေးပါကြောင်း၊ ပြီးခဲ့သည့် ၁၅ နှစ်အတွင်း စီးပွားရေးမြင့်တက်လာသကဲ့သို့ ပြည်သူများ၏ လူနေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

“ရှန်ဟိုင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုမှာ တစ်နေ့တခြား အလွန်မြန်ဆန်သည်ဟု ကြားသိရသဖြင့် ယခုကဲ့သို့ လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမှု ပိုမိုလုပ်ကိုင်နိုင်ရန် ရန်ကုန်မြို့အနီးတွင် အထူးဇုန်တစ်ခု တည်ထောင်မည်ဖြစ်ရာ ရှန်ဟိုင်းမှကုမ္ပဏီများ၊ အဖွဲ့အစည်းများအား လာရောက်လေ့လာကြရန် ဖိတ်ခေါ်ပါကြောင်း”

ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ စက်မှု၊ သတ္တု၊ စွမ်းအင်၊ လျှပ်စစ်နှင့်ဆက်သွယ်ရေးကဏ္ဍများ၌ သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာနှင့် အပြန်အလှန်လဲလှယ်မှုစာလွှာ စုစုပေါင်း ၁၂ ခုတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက် ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–တရုတ် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေသည့်အပြင် ကဏ္ဍစုံတိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်သည့် ခရီးစဉ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၃-၇-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီးချင်းကြီး
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Judicial System in Myanmar (ပထမနှစ်–ဥပဒေပညာအထူးပြု)
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာရွှေအိုး”**(အပိုင်း–၁၈)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း–၃၉)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန် ဇူလိုင် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဌေးအောင်အား ယင်းဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအဖြစ်ခန့်အပ်ခြင်းခံရသော မစ္စတာ ဟောနမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၄ခုနှစ် ဇူလိုင် ၂၃ရက်၌ ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာမက်အာဘူအယ်(လ်)ဂိုက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

သတိပဋ္ဌာန်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း တာမွေမြို့နယ် ဗိုလ်ကြီးရွာမရပ်ကွက် ၁၅လမ်းနှင့်ဗဟိုလမ်းထောင့်ရှိ အေးဓမ္မာရုံတွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ (ရွှေကျင်) ဆုထူးပန်ဆရာတော် ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတ၏စီစဉ်ပေးမှုဖြင့်သာသနဓဇ ဓမ္မာစရိယ ဥဘတော ဝိဘင်္ဂရေဝိနယဝိဒူ မဟာစည် နယ်လှည့်ဓမ္မကထိကအစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအရှင်ကဝိန္ဒ (ရဝေစိုး)က အချိန်ပိုင်းသတိပဋ္ဌာန်တရားစခန်းကို ဝါတွင်းဥပုသ်နေ့တိုင်း ည ၈နာရီမှ ည၉နာရီအထိဖွင့်လှစ်သွားမည်ဖြစ်ရာဂေါပကလူကြီးများနှင့် ကြိုတင်ဆက်သွယ်၍တရားနာယူကာ တရားအားထုတ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် မြစ်ကြီးနား၌ မြစ်ရေကြီးမှုဖြစ်ပွားခဲ့

ရန်ကုန် ဇူလိုင် ၂၂

မြန်မာနိုင်ငံမြောက်ဖျား ဧရာဝတီမြစ်၏မြစ်ဖျား ရေဝေရေလဲဒေသတွင် ဇူလိုင် ၁၀ ရက်ခန့်မှစ၍ မုတ်သုံမိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေသည် သတ်မှတ်စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၀၀ ထက်ကျော်လွန်၍ ၁၂၆၇ စင်တီမီတာသို့ ရောက်ခဲ့ပြီး မြစ်ကြီးနားမြို့၌ မြစ်ရေကြီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ မြစ်ရေကြီးမှုသည် ဇူလိုင် ၁၉ ရက်တွင် နှစ်ပေါင်း ၃၈ နှစ်အတွင်း ဒုတိယအမြင့်ဆုံး ရေမှတ် ၁၄၀၆ စင်တီမီတာသို့ ဆက်လက်မြင့်တက်ခဲ့ပြီး ဇူလိုင် ၂၀ ရက် ညနေပိုင်းတွင် စိုးရိမ်ရေမှတ်အောက် ၁၁၉၁ စင်တီမီတာသို့မြစ်ရေပြန်ကျသွားကာ ယနေ့နံနက်ပိုင်းတွင် စိုးရိမ်ရေမှတ်အောက် စင်တီမီတာ ၁၀၀၀သို့ ကျသွားပြီဖြစ်ကြောင်း သိရသည်။ မြစ်ရေကြီးခဲ့သော်လည်း လူအသေအပျောက်နှင့် ဆုံးရှုံးမှုများ မရှိကြောင်း သိရှိရသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ဘင်္ဂလားပင်လယ်အော်အခြေအနေ၊ မြန်မာ့ပင်လယ်ပြင်အခြေအနေ၊ မြစ်ရေအခြေအနေ၊ မုန်တိုင်းများ အခြေအနေစသည့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ထူးခြားလျှင် ထူးခြားသလို မြစ်ရေကြီးနိုင်သည့် အခြေအနေများ၊ မုန်တိုင်းဝင်ရောက်နိုင်သည့် အခြေအနေများစသည်တို့ကို ပြည်သူများကြိုတင်သိရှိပြီး သတိပြုရှောင်ရှားနိုင်စေရန် ကြေညာချက်များကိုလည်း ထုတ်ပြန်ပေးလျက်ရှိသည်။

အထူးသဖြင့် မြစ်ရေကြီးမည့် သတင်းများကို မြန်မာ့အသံ ရေဒီယို အသံလွှင့်ချက်များမှ လည်းကောင်း၊ ရုပ်မြင်သံကြားအစီအစဉ်များမှလည်းကောင်း၊ သတင်းစာများတွင် ဖော်ပြချက်များကြောင့်လည်းကောင်း ဒေသအလိုက် တာဝန်ရှိသူအဆင့်ဆင့်နှင့် ပြည်သူများကြိုတင်သိရှိပြီး ဘေး အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေများမှ ရှောင်ရှားနိုင်ခဲ့ကြသည်။

မြစ်ရေကြီးမှုသတင်းများကို ကြိုတင်အသိပေးကြေညာချက်များကြောင့် ဒေသအလိုက် တာဝန်ခံများ၊ ပြည်သူများသည် မြစ်ရေကြီးခြင်း ဘေးအန္တရာယ်ကာကွယ်မှုများကို စီမံဆောင်ရွက်နိုင်ခဲ့ကြသည်။

ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ခြောက်ပေနှင့် ကသာမြို့တွင် နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်များအထက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်ခန့် စိုးရိမ်ရေမှတ်များ အထက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် တစ်ပေခန့် စိုးရိမ်ရေမှတ်အထက်ရှိနေပြီး မကွေးမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြစ်ရေကြီးခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ရေမှတ် ဖြစ်ပေါ်နိုင်သည့်ဒေသများတွင် ရေဘေးအန္တရာယ်ကိုမျှော်မှန်းပြီး လိုအပ်သည်များ ပြင်ဆင်ထားရှိရန် သက်ဆိုင်ရာက သတိပေးထားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်ပိုင်းမြို့မှတရုတ်လေကြောင်းအထူး လေယာဉ်ဖြင့် ထွက်ခွာကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှင်ကျင့်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၁နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ရှင်ကျင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Lu Rui Fengနှင့် အဖွဲ့ဝင်များ၊ ဟောင်ကောင်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးမျိုးချစ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ခေတ္တတည်းခိုမည့် ရှင်ကျင့်မြို့ ဝုကျိုးဧည့်ရိပ်သာသို့ မော်တော်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၇ ရက်က ရှင်ကျင့်မြို့ရှိ ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လေ့လာရန် တည်ဆောက်ထားသော Window of the World ပန်းဥယျာဉ်အတွင်း ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

စက်မှုဇုန်ကမွေးထုတ်လိုက်သော လူသားအရင်းအမြစ်နှင့် ပစ္စည်းကိရိယာမှတ်တမ်းများကြည့်ရှုလေ့လာ မြန်မာနိုင်ငံနှင့် ရှင်ကျင့်မြို့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး ထူးထူးခြားခြားအလေးထားမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၇ ရက်က ရှင်ကျင့်မြို့ တရုတ်တိုင်းရင်းသား ကျေးရွာ၌ ချစ်ကြည်ရေးအထိမ်းအမှတ် ကျွဲကောပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကြိုဆို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်ကျင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Lu Rui Feng လိုက်ပါလျက် မွန်းလွဲ ၂ နာရီ ၂၅မိနစ်တွင် ရှင်ကျင့် Shenzhen Hi-Tech Industrial Park သို့ ရောက်ရှိကြရာ Vice Director-General, Mr. Linbo နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရှင်ကျင့် အဆင့်မြင့် နည်းပညာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေသည့်လုပ်ငန်းများဖြစ်သည့် စက်မှုဇုန်ဦးတည်ချက်များခိုင်မာစေရေး၊ ထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာများ မှတ်ပုံတင်ရေး၊ ရှင်ကျင့် စက်မှုဇုန်တွင် နည်းပညာသစ်များ အသစ်ဖြစ်ထွန်းရေး၊ နည်းပညာသစ်များ တိုးတက်ဖြစ်ထွန်းလာအောင် ပြုစုပျိုးထောင်ရေး၊ ရှင်ကျင့်မြို့ အဆင့်မြင့် နည်းပညာ စက်မှုဇုန်၌ ထင်ရှားသော တက္ကသိုလ်များဖွင့်လှစ်ထားမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း၊ ရှင်ကျင့်စက်မှုဇုန်က ကမ္ဘာ့အဆင့်သို့ ရည်မှန်းဆောင်ရွက်နေမှုနှင့် ပတ်သက်သည့် မှတ်တမ်းတင် ဗီဒီယိုဆလိုက်ကို ပြသသည်။

ရှင်းလင်းတင်ပြ

ထို့နောက် Vice Director General, Mr. Linbo က ရှင်ကျင့် အဆင့်မြင့်နည်းပညာ စက်မှုဇုန်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စက်မှုဇုန်၏ ကုန်ထုတ်စွမ်းအား၊ အဆင့်ဆင့် တိုးတက်နေမှု၊ ရှင်ကျင့်စက်မှုဇုန် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့၌ ပြည်တွင်း ပြည်ပမှ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဖြင့် ပစ္စည်းထုတ်လုပ်သည့် ကုမ္ပဏီများ၊ ဘာသာရပ်ဆိုင်ရာ သုတေသနဌာနများ၊ ပြည်တွင်းပြည်ပမှ တက္ကသိုလ်များ တည်ရှိနေမှုနှင့် လုပ်ငန်း လုပ်ကိုင်နေမှုတို့ကို မှတ်တမ်းတင် ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံနှင့် ရှင်ကျင့် အဆင့်မြင့်နည်းပညာ စက်မှုဇုန်တို့ပူးပေါင်းဆောင်ရွက်နိုင်သည့်ကဏ္ဍများတွင်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ ဝင်များသည် ခန်းမ၌ ခင်းကျင်းပြသထားသော ရှင်ကျင့်စက်မှုဇုန်က မွေးထုတ်လိုက်သော လူသားအရင်းအမြစ် စာရင်းဇယားများ၊ ဆေးဝါးကုသရေး ကဏ္ဍ၊ စက်မှုကဏ္ဍ၊ကွန်ပျူတာကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍများနှင့်သက်ဆိုင်သည့်ပစ္စည်းကိရိယာများ၊ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တယ်လီဖုန်းထုတ်လုပ်သော ကုမ္ပဏီတစ်ခုဖြစ်သည့် ZTE Corporation သို့ရောက်ရှိကြရာ ဥက္ကဋ္ဌ မစ္စတာဟိုဝေကွေ့နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ZTE Corporation က ထုတ်လုပ်သော တယ်လီဖုန်း အမျိုးအစားအမျိုးမျိုး၊ဆက်သွယ်ရေးဆိုင်ရာပစ္စည်း အမျိုးမျိုးထုတ်လုပ်မှု၊ပြည်တွင်း ပြည်ပရောင်းချရမှုတို့ကို မှတ်တမ်းတင် ဗီဒီယိုဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ခေတ်မီစက်ကိရိယာများဖြင့် ဆက်သွယ်ရေးဆိုင်ရာကိရိယာများနှင့်

စာမျက်နှာ ၄ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဇူလိုင် ၁၇ ရက်က ရှင်ကျင့်မြို့ တရုတ်တိုင်းရင်းသား ကျေးရွာ၌ သစ်ပင်စိုက်ပျိုးအပြီး တရုတ်တိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၇ ရက်က ရှင်ကျင့်မြို့ တရုတ်တိုင်းရင်းသားကျေးရွာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ပြည်နယ်အသီးသီးမှ ထင်ရှားသောအဆောက်အအုံများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၏ ရိုးရာဓလေ့ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဆက်စပ်ပစ္စည်းများထုတ်လုပ်နေမှုတို့ကို လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ကော်ပိုရေးရှင်းခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ZTE Corporation ဥက္ကဋ္ဌမစ္စတာဟိုဝေကွေ့က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး ကော်ပိုရေးရှင်း၏ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် The Supply Contract between Myanma Posts and Tele-Communication and ZTE Corporation for GSM System Expansion Project ကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသာဦးနှင့် ZTE Corporation ဥက္ကဋ္ဌမစ္စတာဟိုဝေကွေ့တို့ကလက်မှတ်ရေးထိုးကြပြီး စာချုပ်ကိုအပြန်အလှန် လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် Shenzhen Wuzhou Guest House သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်ကျင့်မြို့ မြို့တော်ဝန် Mr.Li Hongzhong က ညနေ ၆နာရီခွဲတွင် Shenzhen Wuzhou Guest House ရှိ Shenzhen Room သို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၊ ရှင်ကျင့်မြို့ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှင်ကျင့်မြို့ မြို့တော်ဝန် Mr.Li Hongzhong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံနှင့် ရှင်ကျင့်မြို့တို့ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးကို ထူးထူးခြားခြား အလေးထားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိနှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လာရောက် ကြခြင်းမှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်တင်ရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော စီးပွားရေးဇုန်များ၊ စက်မှုဇုန်များကို လေ့လာ၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ညှိနှိုင်းဆွေးနွေးကြပြီး ပူးပေါင်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်း ဆောင်ရွက်ရန်၊ ပေကျင်းမြို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဖြစ်ကြောင်း၊ အလားအလာကောင်းများလည်း ရရှိခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် ရှင်ကျင့်မြို့တို့ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကဏ္ဍ အများအပြားရှိသည့်အတွက် ရှင်ကျင့်မြို့မှ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လေ့လာရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

စုပေါင်းဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရှင်ကျင့်မြို့ မြို့တော်ဝန်နှင့် အဖွဲ့တို့နှင့်အတူ ခန်းမရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ရှင်ကျင့်မြို့ မြို့တော်ဝန် Mr. Li Hongzhong က Shenzhen Wuzhou Guest Houseရှိ Yangtze Room၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၁၇ရက် နံနက် ၉နာရီခွဲတွင် ရှင်ကျင့်မြို့ Huawei Technologies ကုမ္ပဏီသို့ ရောက်ရှိကြရာ Executive Vice President, Mr. Wang Chengနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား Huawei Technologies ကုမ္ပဏီက ထုတ်လုပ်သည့် ITနည်းပညာနှင့် ပတ်သက်သည့် GSM၊ CDMA Mobileဖုန်းစနစ်၊ Optical Transmissionကွန်ရက်စနစ်၊ New Generation Switching စနစ်၊ Broadband and Integrated Access စနစ်၊ Data Communications စနစ်၊ Intelligent networkစနစ်၊ Huawei Telecom-network စနစ်တို့ကို နောက်ဆုံးပေါ် ခေတ်မီစက်များဖြင့် Huawei Technologiesကုမ္ပဏီမှ တာဝန်ရှိသူတို့က လိုက်လံပြသ ရှင်းလင်းကြသည်။

စိတ်ဝင်စား

ထို့နောက် Huawei Technologiesကုမ္ပဏီ Executive Vice President, Mr. Wang Chengက Huawei Technologiesကုမ္ပဏီက ITနှင့် ပတ်သက်၍ ထုတ်လုပ်သော အီလက်ထရွန်နစ်ပစ္စည်းများ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချရမှု၊ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးရေးအတွက် ပါဝင်ဆောင်ရွက်ရန် Huawei Technologiesကုမ္ပဏီအား ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် Shenzhen Wuzhou Guest House သို့ပြန်လည်ရောက်ရှိကြသည်။

စာမျက်နှာ ၅ ကော်လံ ၁

The Supply Contract between Myanma Posts and Tele-Communication and ZTE Corporation for GSM System Expansion Project ကို ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသာဦးနှင့် ZTE Corporation ဥက္ကဋ္ဌ မစ္စတာဟိုဝေကွေ့တို့က လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၆ ရက်က ရှင်ကျင့်မြို့ အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော အားကစားလေ့ကျင့်ရေးခန်းမ၊ အပန်းဖြေခန်းမ၊ အလှပြုပြင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၆ ရက်က ရှင်ကျင့်မြို့ မြို့တော်ဝန် Mr. Li Hongzhong က Shenzhen Wuzhou Guest House Yangtze Room၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၄ မှ

လှည့်လည်ကြည့်ရှု

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရှင်ကျင့်မြို့ရှိ ပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များ လေ့လာရန် တည်ဆောက်ထားသော Window of the World ပန်းဥယျာဉ်သို့ရောက်ရှိကြပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ ထင်ရှားသော ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၏ ပုံစံငယ်များ၊ လူမှုရေးဆိုင်ရာ အဆောက်အအုံများ၏ ပုံစံငယ်များ၊ သဘာဝပတ်ဝန်းကျင် ပုံစံတူပုံစံငယ်များကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ကျွဲကောပင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရှင်ကျင့်မြို့ရှိ တရုတ် တိုင်းရင်းသားကျေးရွာသို့ရောက်ရှိကြပြီး ရေးဦးစွာ ချစ်ကြည်ရေးခရီး အထိမ်းအမှတ် ကျွဲကောပင်ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ ဝင်များသည် တိုင်းရင်းသား တိုင်းရင်းသူများနှင့် အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင် များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ပြည်နယ်အသီးသီးမှ ထင်ရှားသော အဆောက်အအုံများ၊ ပြည်နယ်အသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ၎င်းတို့၏ ရိုးရာနေအိမ်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များကို မော်တော်ယာဉ်ငယ်များဖြင့်လှည့်လည်ကြည့်ရှုလေ့လာကြပြီး ထိုမှတစ်ဆင့် Shenzhen Wuzhou Guest House သို့ ပြန်လည်ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ရှင်ကျင့်မြို့မှ အထူးအုပ်ချုပ်ရေးဒေသ ဟောင်ကောင်မြို့သို့သွားရောက်ရန် ဇူလိုင် ၁၇ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် Shenzhen Wuzhou Guest House မှတစ်ဆင့်မော်တော်ယာဉ်များဖြင့် ရှင်ကျင့်မြို့မှ ဟောင်ကောင်မြို့ နယ်စပ်လောက်မာချောင် စစ်ဆေးရေးစခန်းသို့ ထွက်ခွာခဲ့ကြရာ ဟောင်ကောင်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေး Ms. Louis Tan နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ည ၇နာရီ၁၅မိနစ်တွင် ကောင်းလွန်းကျွန်းရှိ Habour Plaza Hotel သို့ ရောက်ရှိရပ်နားကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှင်ကျင့်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ ဇနီး ဒေါ်စံယုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျင်ကျွမ်း၏ ဇနီး Mrs.Wang Jian ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာနိုင်ငံစစ်သံမှူးဗိုလ်မှူးကြီး စိန်ဂျော်၏ဇနီးဒေါ်ကြည်ကြည်ဦးနှင့် ဟောင်ကောင်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်ဦးမျိုးချစ်၏ ဇနီးတို့ လိုက်ပါလျက် ဇူလိုင် ၁၆ရက်ညနေ ၃နာရီ၁၅မိနစ်တွင် China Women's Association, Shenzhen Branch သို့ရောက်ရှိကြရာ ရှင်ကျင့်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ရှင်ကျင့်အမျိုးသမီးများနှင့်ကလေးများစောင့်ရှောက်ရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးမစ္စစ် ဟူးလီးချွမ်၊ ရှင်ကျင့်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် အကြံပေးပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ရှင်ကျင့်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် China Women's Association, Shenzhen Branch ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာတွေ့ဆုံကြပြီးနှစ်နိုင်ငံအမျိုးသမီးရေးရာ ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက ရှင်ကျင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ မစ္စစ် ဟူးလီးချွမ်အား မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့သို့ လာရောက်လေ့လာပါရန် ဖိတ်ကြားသည်။

အမှတ်တရလက်ဆောင်ပေးအပ်

ယင်းနောက် ရှင်ကျင့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ရှင်ကျင့် အမျိုးသမီးများနှင့်ကလေးများ စောင့်ရှောက်ရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး မစ္စစ်ဟူးလီးချွမ်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား အမှတ်တရ လက်ဆောင်နှင့် ရှင်ကျင့် အမျိုးသမီးရေးရာအဖွဲ့၏ မှတ်တမ်းစီဒီခွေများကို ပေးအပ်သည်။

ဆက်လက်၍ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေကလည်း မစ္စစ်ဟူးလီးချွမ်အားအမှတ်တရလက်ဆောင်နှင့်မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မှတ်တမ်းများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရှင်ကျင့်အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော အားကစားလေ့ကျင့်ရေးခန်းမ၊ အပန်းဖြေခန်းမ၊ အလှပြုပြင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ မစ္စစ်ဟူးလီးချွမ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဖူးမြော်ကြည်ညို

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များသည် ဇူလိုင် ၁၈ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဟောင်ကောင်မြို့ရှိ Habour Plaza Hotel မှ မော်တော်ယာဉ်များဖြင့် လန်တောင်းကျွန်းရှိ လန်တောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရှေးဦးစွာ လန်တောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကန်တော့ကြပြီး Polungchi ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်တရုတ် ဘုန်းတော်ကြီး ကြည်ဝေနှင့် ဘုန်းတော်ကြီးများအား ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် တရုတ်ဘုန်းတော်ကြီးများနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး လန်တောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဝင်ပြခန်းကို လှည့်လည်ကြည်ညိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၆ ရက်က ရှင်ကျင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Lu Rui Feng နှင့်အဖွဲ့ဝင်များ၊ ဟောင်ကောင်မြို့ရှိ မြန်မာနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးမျိုးချစ်နှင့် တာဝန်ရှိသူများက ရှင်ကျင့်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ဇူလိုင် ၁၆ ရက်က China Women's Association, Shenzhen Branch ဧည့်ခန်းမ၌ ရှင်ကျင့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ရှင်ကျင့်အမျိုးသမီးများနှင့် ကလေးများစောင့်ရှောက်ရေး ကော်မတီ ဒုတိယညွှန်ကြားရေးမှူး မစ္စစ်ဟူးလီးချွမ်နှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် Polungchiဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုကြပြီး ဘုန်းတော်ကြီးကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့အား တရုတ်ဘုန်းတော်ကြီးကြည်ဝေက လန်တောင်းဗုဒ္ဓရုပ်ပွားတော်မြတ် ပုံတူကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့က လန်တောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအတွက် အလှူငွေများကို တရုတ်ဘုန်းတော်ကြီး ကြည်ဝေထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီးဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် Habour Plaza Hotelသို့ ပြန်လည်ရောက်ရှိကြသည်။

ပြန်လည်ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အထူးအုပ်ချုပ်ရေးဒေသ ဟောင်ကောင်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ဇူလိုင် ၁၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် ခေတ္တတည်းခိုသည့် Habour Plaza Hotel မှ ဟောင်ကောင်မြို့ Chek Lap Kok အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ဟောင်ကောင်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေး Ms. Louis Tan နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့်ဇနီး၊စစ်သံမှူးဗိုလ်မှူးကြီး စိန်ကျော့နှင့် ဇနီး၊ ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးမျိုးချစ်နှင့် ဇနီး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ဝန်ထမ်းများ၊ မိသားစုများက Chek Lap Kok အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဓမ္မလက်ဆောင်ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့အား ဇူလိုင်၁၈ရက်က တရုတ်ဘုန်းတော်ကြီးကြည်ဝေက လန်တောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတူကို ဓမ္မလက်ဆောင်အဖြစ်ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်တို့အား ဇူလိုင်၁၈ရက် နံနက် ၈နာရီတွင် ဟောင်ကောင်မြို့ရှိ Hutchison Telecom ကုမ္ပဏီမှ Executive Director, Mr. Ting Y. Chen သည်လည်းကောင်း၊ နံနက် ၁၀ နာရီတွင် Wai Hung Machineries Trading Co.မှ ဥက္ကဋ္ဌ Mr. Wong King Wah နှင့် ဟောင်ကောင်မြို့ရှိ Indian Chamber of Commerce မှဥက္ကဋ္ဌ Mr. Arurachalan တို့သည်လည်းကောင်း ဟောင်ကောင်မြို့ရှိ Habour Plaza Hotel သို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍနှင့်ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေးတို့အတွက် ဆွေးနွေးကြသည်။

ထို့အတူ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်အား ဇူလိုင်၁၈ရက် နံနက် ၁၀ နာရီတွင် ဟောင်ကောင်ကျောက်စိမ်း ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌများဖြစ်ကြသော Mr. Chan Kwok Man နှင့် Ms. Jan Yee Lin နှင့် အဖွဲ့ဝင် ကုန်သည်များ၊ ဟောင်ကောင်လက်ဝတ်ရတနာပစ္စည်း အရောင်းထည်ထုတ်လုပ်ရေး အသင်း ဥက္ကဋ္ဌ Mr. Charles Chanနှင့် အဖွဲ့ဝင်ကုန်သည်များသည် ဟောင်ကောင်မြို့ရှိ Habour Plaza Hotel သို့ လာရောက်တွေ့ဆုံကြပြီး ကျောက်စိမ်း၊ ကျောက်မျက်ရတနာ လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက် တိုးမြှင့်ရေးကိစ္စများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင် ဝင်းရွှေနှင့်အဖွဲ့ဝင်များအား ဇူလိုင် ၁၆ရက်က ရှန်ဟိုင်းမြို့ ဒုတိယ မြို့တော်ဝန် Mr. Tang Jie နှင့်အဖွဲ့ဝင်များက ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လှည့်လည်ကြည့်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၈ ရက်က လန်တောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဝင်ပြခန်းကို လှည့်လည်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ပြည်စုံအေးမိုးကုတ်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန် အမှတ် ၄ လမ်းမကြီး (လှော်ကားလမ်းမကြီးဘေး)အုတ်ဖိုမှတ်တိုင် ဘုံရှည်ကုန်းလမ်း ရွှေပြည်သာမြို့ရှိ ပြည့်စုံအေးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ရိပ်သာပဓာနနာယကဆရာတော် ဘဒ္ဒန္တပညောဘာသ(ဓမ္မာစရိယ)အမှူးပြုသော ဆရာတော်သံဃာတော်များ ဝါဆိုသင်္ကန်းကပ်လှူပွဲကို(ဩဂုတ် ၁ ရက်)ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် မွန်းလွဲ၂နာရီတွင် ကျင်းပမည် ဖြစ်သည်။ အလှူရှင်ယောဂီများကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ရန်နှင့် လှူဒါန်းလိုသော ယောဂီများ ဖုန်း-၀၁-၆၁၀၂၅၅သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဓမ္မရက္ခိတ ဖြူးမဟာစည်ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ် ဘူတာရုံအနောက်ဘက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ဝါကပ်တော်မူကြမည့် ဘဒ္ဒန္တနရပတိ(သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတဓရ ကမ္မဋ္ဌာနာစရိယ) ဖြူးဆရာတော်အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဖြူးမြို့နယ်အသင်း ရိပ်သာအကျိုးဆောင်အဖွဲ့နှင့် အလှူရှင်အပေါင်းတို့က စုပေါင်းဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် ဩဂုတ် ၁ ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ရိပ်သာဖုန်း-၆၈၂၇၁၁၊ ၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁)၊၀၉-၅၀-၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ကိုယ်တိုင်ကပ်လှူ တရားတော်နာကြွရောက်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

မြန်မာပြည်မြောက်ဖျားစွန်း၌ တောက်ထွန်းလာနေသော ပန်နန်းဒင်မြို့

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက ၂၂-၇-၂၀၀၂ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်ရှိ ပန်နန်းဒင်ရွာကို ပန်နန်းဒင် မြို့အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

ပန်နန်းဒင်ဒေသကျန်းမာရေးစောင့်ရှောက်မှု

အမျိုးအမည်	ဦးရေ
(၁၆)ခုတင်ဆံ့ဆေးရုံ	(၁) ရုံ
ကျေးလက်ကျန်းမာရေးဌာန	(၂) ခု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က ပန်နန်းဒင်မြို့သို့ ရောက်ရှိခဲ့စဉ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ဤသို့ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့သည်။

ပန်နန်းဒင်မြို့တွင် ဒေသခံ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆောက်လုပ်ပေးလျက်ရှိသော ဆေးရုံကို ဤသို့တွေ့ရသည်။

ပန်နန်းဒင်မြို့တွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာ သရုပ်ပြဖော်ထုတ်နေမှုကို ဤသို့တွေ့ရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ မြောက်ဘက်အစွန်းဒေသတွင် ရာဆာဒန် စခန်းရှိသည်။ ထိုစခန်းသည် နိုင်ငံတော်၏ မြောက်ဖျားစခန်းဟု ဆိုနိုင်သည်။ ထိုမှ တောင်ဘက်တွင် တဟွန်ဒန်၊ တလာထူ၊ တရူထူ၊ ငါဝါ၊ တဇွန်ဒန်၊ ဂူဘာ စသည့် ရွာငယ်ကလေးများရှိသည်။ ငါဝါရွာ၏ အရှေ့ တောင်ယွန်းယွန်းမှ ပန်နန်းဒင်ရွာကလေးသည် ယခုအခါ ရွာမဟုတ်တော့ဘဲ မြို့အဆင့်သို့ ရောက်ရှိလာပြီ ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြောက်ဘက်အစွန်ဆုံးမြို့ ဖြစ်သည်။

ပန်နန်းဒင်ဒေသ စိုက်ပျိုးရေး

အမျိုးအမည်	စိုက်ဧက
သစ်တောမြေ	၇၁၃၁၇၅ ဧက
မြေလွတ်မြေရိုင်း	၆၇၇၆၂ ဧက
အခြားမြေ	၂၀၀၅၁၇ ဧက
စပါး	၃၁၀ ဧက
ပဲမျိုးစုံ	၆၃ ဧက
ဆီထွက်သီးနှံ	၁၂ ဧက
အခြား သီးနှံ	၆၂၈ ဧက
ကုန်းမြင့်လယ်ယာ	၁၀၀ ဧက

ပန်နန်းဒင်မြို့ အထက်တန်းကျောင်း



ပန်နန်းဒင်မြို့ အထက်တန်းကျောင်း ဆောက်လုပ်ခဲ့စဉ်က မြင်ကွင်းကို ဤသို့တွေ့ရသည်။

ပန်နန်းဒင် ဒေသပညာရေး

ယခင်က ပန်နန်းဒင်ဒေသတွင် အထက်တန်းပညာအဆင့်သို့ တက်ရောက် နိုင်သူ ၁၂ ဦးသာရှိသည်။ ဒေသတွင်း၌ ယခင် မူလတန်းကျောင်း ၁၆ ကျောင်း၌ ကျောင်းသားဦးရေ ၁၈၀၊ ဆရာဆရာမ ၆၀ ရှိသည်။ ယခုမူလတန်းကျောင်း တစ်ကျောင်းအား အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးထားသဖြင့် ကျောင်းသားဦးရေ ၂၀၈ ဦး၊ ဆရာ ဆရာမ ၇၄ ဦးအထိ တိုးတက်လာသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ ရှင်းလင်းပြောကြား

တွေ့ဆုံ နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်အား ဇူလိုင် ၁၃ရက်က ဤသို့တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

- ☆ မြန်မာနိုင်ငံတွင် နိုင်ငံရေး အေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှု အထိုက်အလျောက် ရရှိနေကြောင်း၊
- ☆ အိမ်နီးချင်း နိုင်ငံများနှင့်လည်း ချစ်ခင်ရင်းနှီးမှုရှိပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေးထူထောင်ထားကြောင်း၊
- ☆ မြန်မာနိုင်ငံ ရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍လည်း အရေးကြီးဆုံးခြေလှမ်းဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ချမှတ်ပေးမည့် အမျိုးသားညီလာခံကို မေလ ၁၇ ရက်နေ့မှ စတင်ကျင်းပခဲ့ကြောင်း၊
- ☆ ယင်းညီလာခံသို့ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် ၆၀၀ ကျော် အပါအဝင် အလွှာရှစ်လွှာမှကိုယ်စားလှယ်ပေါင်း ၁၀၈၈ဦးနှင့် အောင်မြင်စွာ ကျင်းပနေကြောင်း၊
- ☆ ယခုအခါ ကိုယ်စားလှယ်များ နေရပ်သို့ ခေတ္တပြန်သွားကြပြီ ဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ညီလာခံပြန်လည်စတင်မည်ဖြစ်ကြောင်း။

(နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်)

တရုတ်နိုင်ငံခေါင်းဆောင်ကြီးများ၏ မြန်မာနိုင်ငံအပေါ်ထားရှိသောသဘောထားအမြင်

တွေ့ဆုံ နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား ဇူလိုင် ၁၂ ရက်က ဤသို့တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)

- ☆ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို မည်သည့်အခါမှ ဝင်ရောက်စွက်ဖက်မည် မဟုတ်ကြောင်း၊
- ☆ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို အခြေခံသည့် တရုတ်-မြန်မာဆက်ဆံရေး ပြောင်းလဲခဲ့ခြင်းမရှိသည့်အတွက် ဝမ်းမြောက်၊
- ☆ နှစ်နိုင်ငံအကြား နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းလျက်ရှိ။

(သမ္မတ မစ္စတာဟူကျင်တောင်)

- ☆ တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရာတွင် မြန်မာနိုင်ငံကို အလေးထားမည်၊
- ☆ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံရပ်တည်နေသည့်အတွက် ကျေးဇူးတင်ရှိ၊
- ☆ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းရေးအတွက် တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်။

(နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်)

✡ ကျောဖုံးမှ

အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ခင်ရင်းနှီးမှုရှိပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေးထူထောင်ထားကြောင်း၊ မြန်မာနိုင်ငံရှေ့ဆက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်ပတ်သက်၍လည်း အရေးကြီးဆုံးခြေလှမ်းဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများချမှတ်ပေးမည့် အမျိုးသားညီလာခံကို မေလ ၁၇ ရက်နေ့မှ စတင်ကျင်းပခဲ့ကြောင်း၊ ယင်းညီလာခံသို့ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် ၆၀၀ကျော်အပါအဝင် အလွှာရှစ်လွှာမှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ဦးနှင့် အောင်မြင်စွာကျင်းပနေကြောင်း၊ ယခုအခါ ကိုယ်စားလှယ်များနေရပ်သို့ ခေတ္တပြန်သွားကြပြီဖြစ်ကြောင်း၊ ပွင့်လင်းရာသီတွင် ညီလာခံပြန်လည်စတင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားနိုင်ခဲ့ပါသည်။

ကတိကဝတ်ပြု

တရုတ်နိုင်ငံခေါင်းဆောင်များကလည်း မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံကောင်းပီသသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ကို မြန်မာတို့ကသာ ဖန်တီးရမည်ဖြစ်ကြောင်း၊ မြန်မာ၏ပြည်တွင်းရေးကို မြန်မာအစိုးရနှင့် ပြည်သူများက ဖြေရှင်းနိုင်စွမ်းရှိသည်ကို ယုံကြည်ပါကြောင်း၊ ပြည်ပနိုင်ငံများကဝင်ရောက်စွက်ဖက်ရန် မလိုကြောင်း၊ မြန်မာနိုင်ငံအပေါ် ရပ်တည်ချက်ပြောင်းမည်မဟုတ်ကြောင်း ပြောကြားခြင်းကြောင့် နှစ်နိုင်ငံအကြားတည်ရှိပြီး နားလည်မှုနှင့် ချစ်ခင်ရင်းနှီးမှု ပိုမိုခိုင်မြဲစေပါသည်။ အထူးသဖြင့် မြန်မာဘက်မှ အလေးထားဆွေးနွေးသည့် စွမ်းအင်၊ ရေအားလျှပ်စစ်၊ သတ္တုတွင်း၊ စက်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လယ်ယာကဏ္ဍတို့နှင့်ပတ်သက်၍ တရုတ်ဘက်မှ တတ်နိုင်သလောက် အကူအညီပေးသွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုသည့်အတွက် အားတက်စရာဖြစ်ပါသည်။

အောင်မြင်မှုတစ်ရပ်ဖြစ်

ဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဟေဘေးပြည်နယ်အုပ်ချုပ်ရေးမှူး၊ ရှန်ဟိုင်းမြို့တော်ဝန်၊ ရှင်ကျင့်မြို့တော်ဝန်တို့နှင့် ခင်မင်ရင်းနှီးစွာ ဆွေးနွေးနိုင်ခဲ့ပြီး သက်ဆိုင်ရာပြည်နယ်များရှိ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လေ့လာပြီး မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်ရန် အစပျိုးနိုင်ခဲ့ခြင်းကြောင့် များစွာအကျိုးဖြစ်ထွန်းပါသည်။ ထို့အပြင် နယ်ခရီးစဉ်အတွင်း Three Gorges Dam မှ ရေအားလျှပ်စစ် မဂ္ဂါဝပ်သောင်းနှင့်ချီ၍ ထုတ်လုပ်နေပုံ၊ ရှန်ဟိုင်းနှင့် ရှင်ကျင့်စီးပွားရေးဇုန်၊ IT သိပ္ပံနှင့် နည်းပညာအခြေခံ၍ ခေတ်မီလုပ်ငန်းကြီးများကို စနစ်တကျ အကျိုးရှိစွာ ဆောင်ရွက်နေပုံတို့ကိုမျက်မြင်ကိုယ်တွေ့လေ့လာခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အတုယူစရာများကို မှတ်သားနိုင်ခဲ့ခြင်းနှင့် IT နှင့်ပတ်သက်၍ တရုတ်ကုမ္ပဏီများ မြန်မာနိုင်ငံ သန်လျင်မြို့အနီးတွင် တရုတ်နိုင်ငံအတွက် အသစ်တည်ထောင်မည့် စီးပွားရေးဇုန်တွင်ပါဝင်ရေးအတွက် လမ်းခင်းနိုင်ခဲ့ခြင်းသည်လည်း အောင်မြင်မှုတစ်ရပ်ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လေးနက်သော ဆက်ဆံရေးသည် အခြားနိုင်ငံများနှင့် ဆက်ဆံရေးနှင့်မတူဘဲ တစ်မူထူးခြားသည့်အသွင်ဆောင်သည်ကို ဝန်ကြီးချုပ်၏ ခရီးစဉ်က ပေါ်လွင်စေပါသည်။ ယခုအခါ နှစ်နိုင်ငံအကြားဆက်ဆံရေးမှာ ကဏ္ဍစုံ ဆတက်ထမ်းပိုးတိုးပွားနေရာ ပေါက်ဖော်ချစ်ကြည်ရေးမှ ညီအစ်ကိုချစ်ကြည်ရေး အဆင့်သို့ တိုးမြင့်ဖြစ်ထွန်းလာသလို နှစ်နိုင်ငံဘက်စုံပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုတိုးတက်ဖြစ်ထွန်းလာတော့မှာဖြစ်ကြောင်း တွေ့ရှိရသည်။ ။

(သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ဇူလိုင် ၁၆ ရက်၌ ရှင်ကျန့်မြို့ မြို့တော်ဝန် Mr. Li Hongzhong က Shenzhen Wuzhou Guest House ရှိ Shenzhen Room သို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဇူလိုင်၁၆ရက်က ရှင်ကျန့်မြို့ မြို့တော်ဝန် Mr. Li Hongzhong က Shenzhen Wuzhou Guest House ရှိ Shenzhen Room သို့လာရောက်တွေ့ဆုံပြီးနောက် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ဇူလိုင် ၁၇ရက်က Huawei Technologies ကုမ္ပဏီက ထုတ်လုပ်သည့် ITနည်းပညာနှင့် ပတ်သက်သည့် ဆက်သွယ်ရေး စနစ်များနှင့် ဆက်သွယ်ရေး ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ရှင်ကျန့်မြို့မှ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ လာရောက်လေ့လာရန်ဖိတ်ခေါ်

ရှင်းလင်းပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ဇူလိုင် ၁၇ ရက်က Huawei Technologies ကုမ္ပဏီ Executive Vice President, Mr. Wang Cheng က Huawei Technologies ကုမ္ပဏီကထုတ်လုပ်သော ITနှင့်ပတ်သက်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

တယ်လီဖုန်းအမျိုးအစားမျိုးစုံကြည့်ရှု

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဇူလိုင် ၁၆ ရက်က ZTE Corporation က ထုတ်လုပ်သော တယ်လီဖုန်းအမျိုးအစားမျိုးစုံကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးထုကြီး၏ ထက်မြက်သည့် စွမ်းရည်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီတိုးတက်စေရန် ဘက်စုံ၊ ကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ၏ ၅၀ ဒသမ ၃ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ရန် ကြိုးပမ်းရာတွင် အမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစု တစ်ရပ်အဖြစ် ပီပီပြင်ပြင်ပေါ်ပေါက်စေရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် မြန်မာအမျိုးသမီးများ ထိုက်တန်သည့် အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နိုင်ရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် ဘဝလုံခြုံရေး၊ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်ကိုရှိထားပြီးဖြစ်သည့် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်ထိန်းသိမ်းရေး၊ သမိုင်းအစဉ်အလာရှိခဲ့သည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရေး စသည့်ရည်မှန်းချက်များဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ(၃)ရက်နေ့တွင် စတင်ဖွဲ့စည်း ထူထောင်ခဲ့ပါတယ်။ အဆိုပါ ကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို **"မြန်မာအမျိုးသမီးများနေ့"** ဟု သတ်မှတ်ခဲ့၍ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် ဂုဏ်ယူထိုက်သည့် နေ့ထူးနေ့မြတ်ပင် ဖြစ်ပါတယ်။

၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင်လ ၃ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် –

"မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသလို မိမိတို့၏ အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရာမှာလဲ စံနမူနာယူဖွယ်ထူးခြားသည့်ယဉ်ကျေးမှုဓလေ့စရိုက်ကို ပိုင်ဆိုင်ထားသူများ ဖြစ်ကြကြောင်း၊ ထိုကဲ့သို့ လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များနှင့် ပြည့်စုံလှသည့် မြန်မာအမျိုးသမီးများကို ဂုဏ်ပြုတင်စားပြီး မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး ကိုယ်စားပြုသည့် "မြန်မာအမျိုးသမီးများနေ့"ဟု ထူးခြားစွာ ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးထုကြီး၏ ထူးခြားကောင်းမြတ်သည့် ဂုဏ်ရည်တို့ကို ထိုက်တန်စွာ မော်ကွန်းကမ္ပည်းရေးထိုးပေးလိုက်ခြင်း ဖြစ်သည့်အတွက် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ပင် ဖြစ်ကြောင်း၊ ယနေ့အချိန်အခါသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာအလယ်တွင် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ်နှင့် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ရေးတို့အတွက် တစ်မျိုးသားလုံးက စုစည်းညီညွတ်သည့်စွမ်းပကားနှင့်တက်ညီလက်ညီလက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်နေသည့် အချိန်အခါဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း အမျိုးသမီးအခွင့်အရေးနှင့် အခွင့်အလမ်းများ အစွမ်းကုန်ပွင့်လင်းလျက်ရှိသည်သာမက မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအားထက်မြက်ခိုင်မာသော တိုင်းကျိုးပြည်ဆောင် အပြုသဘောစွမ်းအားစုကြီးတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာရေးတို့အတွက် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်စည်းရုံး တာဝန်ယူဆောင်ရွက်သွားမည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးသည်လည်း စနစ်တကျ ပေါ်ထွန်းနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီး အနေနှင့် အဖွဲ့ချုပ်ကြီး၏ မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်များနှင့်အညီ မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုတိုးတက်မြင့်မားစေရန် ဇာတိမာန် ထက်သန်သော၊ ယဉ်ကျေးသိမ်မွေ့သော၊ မြန်မာမှုကို မြတ်နိုးသော၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သော၊ စွမ်းဆောင်ရည်ပြည့်ဝထက်မြက်သော မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရန် ဆက်လက်ပြီး စည်းရုံးဦးဆောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရေး မှာကြားလိုကြောင်း၊ နိုင်ငံတော် အစိုးရအနေနှင့်လဲ ရှေ့အနာဂတ်တွင် သမိုင်းအစဉ်အလာကောင်းများနှင့်အညီ မြန်မာအမျိုးသားရေး စရိုက်လက္ခဏာ၊ မြန်မာ့လူမှုတန်ဖိုး၊ မြန်မာ့လူနေမှုနှုန်းစံ၊ မြန်မာ့ယဉ်ကျေးမှုတို့ကို အခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပင်ကိုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားနိုင်စေရန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ထားပြီး ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကိုလဲ အောင်အောင်မြင်မြင်ကျင်းပနေပြီ ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးထုကြီးကလည်း သမိုင်းအစဉ်အဆက်က အစဉ်အလာကောင်းများနှင့်အညီ အမျိုးသားများနှင့်လက်တွဲပြီး နိုင်ငံတော် ဦးဆောင်မှုအောက်မှာ ရှုပ်ရှုပ်ချွံချွံ တက်တက်ကြွကြွ ညီညီညွတ်ညွတ်ကြိုးပမ်း စွမ်းဆောင်ကြရန် အထူးလိုအပ်နေပြီ ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက ဖွဲ့စည်းတည်ထောင်ထားပြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ကြီး၏ အလံအောက်တွင် စည်းလုံးညီညွတ်သော အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ပီပြင်ခိုင်မာစွာ ရပ်တည်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း"

စသည်ဖြင့် မိန့်ကြားသွားတာကို အားတက်ဖွယ်ရာ မှတ်သားလိုက်ရပါတယ်။

၁၉၉၆ခုနှစ်ကစတင်ပြီး ဖွဲ့စည်းထူထောင်ပေးခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြားရေး၊ ဆက်သွယ်ရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဥပဒေများ ပြန်လည်သုံးသပ်အကြံပေးရေး၊ အမျိုးသမီးငယ်များ ဘက်စုံဖွံ့ဖြိုးရေးနှင့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးစသည့် လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းကာ ၁၉၉၆ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ဗဟိုအဆင့်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ရောက်ရှိအောင်

ခင်မြန်မာ

လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၉ခုနှစ်တွင် ရှေးခေတ်တော်ဝင်အမျိုးသမီးများ၏ စိတ်ဓာတ်ကို ယခုခေတ် အမျိုးသမီးငယ်များ စံနမူနာထားစေရန်နှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်ချက်ဖြင့် တော်ဝင်နှစ်ပါးသွားကဇာတ်ကို အမျိုးသားဇာတ်ရုံကြီးတွင် တင်ဆက်ကပြခဲ့ပါတယ်။ ၂၀၀၁ခုနှစ်တွင် ခေတ်ဟောင်းဂန္ထဝင်တေးများ ပြန်လည်ဖော်ထုတ်ပြီး မြန်မာ့ရိုးရာသံစဉ်တေးသွားများကို ထိန်းသိမ်းတတ်စေရန်အတွက် ခေတ်ဟောင်းဂန္ထဝင် တေးဂီတ ဖျော်ဖြေပွဲကိုလဲ အမျိုးသားဇာတ်ရုံမှာ တင်ဆက်ခဲ့ပါတယ်။ ၂၀၀၂ခုနှစ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးတွင် အမျိုးသမီးများ၏ ပါဝင်စွမ်းဆောင်မှုကို သိရှိစေရန် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ **"မြန်မာအမျိုးသမီးများ၏ ကြိုးပမ်းစွမ်းဆောင်မှုပြပွဲ"**ကို အောင်မြင်စွာကျင်းပခဲ့ပါတယ်။ ၎င်းအပြင် ပြည်နယ်၊ တိုင်းများသို့ ကွင်းဆင်း၍ ဒေသခံသွေးချင်းသားချင်း တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကိုလဲ အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် သက်ဆိုင်ရာ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးငယ်ရွယ်လေးများနှင့်ပါ ရင်းနှီးပွင့်လင်းစွာ အနီးကပ်တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ၂၀၀၃ ခုနှစ် မေလတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး အမျိုးသားအဆင့်ဆွေးနွေးပွဲ (National Seminar on Trafficking in Persons)နှင့် ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲ(National Seminar on Women and Sports) အစရှိသည်တို့ကိုလဲ ကျင်းပနိုင်ခဲ့ပါတယ်။ ယင်းနောက် အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိရောက်စွာ လွှမ်းခြုံနိုင်ရန်နှင့် လုပ်ငန်းသဘာဝချင်းတူညီသည့် ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများနှင့်လဲ ပိုမိုထိရောက်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် **"မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး"**ကို မွန်မြတ်သည့် ရည်ရွယ်ချက် (၇) ရပ်နှင့်အတူ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါတယ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးအနေဖြင့်လဲ ဖြစ်ထွန်းတည်ရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေး၊ မြန်မာအမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ ဆက်လက်တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စသည့် ကဏ္ဍများခွဲပေးပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးရေးရာ အဆင့်ဆင့် လုပ်ငန်းအဖွဲ့များတွင် ပြည်နယ်၊တိုင်းအဆင့်မှသည် ရပ်ကွက်၊ကျေးရွာအဆင့်အထိ ပါဝင်ဆောင်ရွက်နိုင်မည့် စေတနာ့ဝန်ထမ်းအမျိုးသမီးများနှင့် စနစ်တကျကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းထားရှိကာ လုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာတွင် အထူးအာရုံစူးစိုက် ဆောင်ရွက်နေကြသည့် အမျိုးသမီးများအကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှု ပြဿနာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အမျိုးသမီးငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးရေးစသည့် လုပ်ငန်းကဏ္ဍများကိုပါ အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် စည်းရုံးရေးနှင့် တိုင်းရင်းသားရေးရာ ကဏ္ဍများပါ တိုးချဲ့ပြီး စည်းရုံးလှုပ်ရှား ဆောင်ရွက်နေပါတယ်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များကိုယ်တိုင် နယ်စပ်အစွန်အဖျား ဒေသများသို့ သွားရောက်ပြီး တိုင်းရင်းသူ အမျိုးသမီးငယ်ရွယ်များနှင့် ထိတွေ့ကာ အမျိုးသမီးငယ်ရွယ်များနှင့် မိဘများကို စီးပွားရေးသမားအချို့၏ ဖြားယောင်းသွေးဆောင်မှုကြောင့် နားယောင်ပြီး လွဲမှားသည့်အယူအဆများ မဝင်ရောက်စေရေးနှင့် လမ်းမှားမလိုက်မိစေရန် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် တားဆီးကာကွယ်ရေးအစီအမံများ၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးရေးနှင့် မိသားစုစီးပွားရေး အထောက်အကူပြုရေး အစီအမံများကိုပါ ယှဉ်တွဲဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် ၁၇–၇–၂၀၀၂ ရက်နေ့မှ ၁၈–၆–၂၀၀၄ရက်နေ့အထိ လူမှောင်ခိုပွဲစား ကျား ၄၀၄ ဦး၊ မ ၃၃၂ ဦး စုစုပေါင်း ၇၃၆ ဦးအား အမှုပေါင်း ၃၇၈ မှုဖြင့် အရေးယူနိုင်ခဲ့ပါတယ်။ လူမှောင်ခိုပွဲစားများအန္တရာယ်မှ ကျား ၁၀၀၈ ဦး၊ မ ၉၁၉ ဦး စုစုပေါင်း ၁၉၂၇ ဦးအား ကယ်တင်နိုင်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် အောက်တိုဘာလ ၂၈၊ ၂၉၊ ၃၀ ရက်များတွင် မဲခေါင် မြစ်ဝှမ်းအတွင်းရှိ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်၊ ဗီယက်နမ် စသည့် ခြောက်နိုင်ငံပါဝင်သော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (Coordinated Mekong Ministerial Initiative in Trafficking) ကို ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် တိုင်းရင်းသား တိုင်းရင်းသူတို့ရဲ့ အရေးကိစ္စမှန်သမျှကို မိမိတို့အရေးကိစ္စသဖွယ် ခံယူထားရာ မကြာသေးမီ ကာလက ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ် လေပြင်းဒဏ်သင့်၍ ပျက်စီးဆုံးရှုံးခဲ့သည့် တိုင်းရင်းသား တိုင်းရင်းသူများထံ မိဘသဖွယ်သွားရောက်ပြီး အလှူငွေများ၊ အဝတ်အထည်များ၊ စာအုပ်နှင့် စာရေးကိရိယာများ၊ ဆေးဝါးများ လှူဒါန်းခဲ့တာကို ဝမ်းသာဂုဏ်ယူဖွယ်ရာ တွေ့ရှိခဲ့ရပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဟာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်ချက်အား အကောင်အထည်ဖော်သည့်အနေဖြင့် ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ **"ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ"** ကို စီစဉ်တင်ဆက်ခဲ့ပါတယ်။ ဒါတွေကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရဲ့ မွန်မြတ်လှတဲ့ ကြိုးပမ်းစွမ်းဆောင်မှုတွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများကို အားပေးချီးမြှောက်လျက် ရှိပါတယ်။ ၂၀၀၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်းက ၂၀၀၃ ခုနှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးခြောက်ဘာသာ ရမှတ်ပေါင်း ၅၅၃ မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး ပထမအဆင့်ဖြင့် အမှတ်အများဆုံးရရှိအောင်မြင်ခဲ့သူ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်သက်ဆုအား လည်းကောင်း၊ မီးဘေး၊ ရေဘေး သဘာဝရေဘေးအန္တရာယ်များ ကယ်ဆယ်ခြင်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့သူ ဘားအံမြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ခွဲမှူးမနန်းခင်သန္တာလွင်အားလည်းကောင်း၊ အမျိုးသားများနှင့်တန်းတူ မှုခင်းများဖော်ထုတ်နိုင်ခဲ့သည့် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် မှုခင်းတပ်ဖွဲ့(အင်းစိန်)မှ ရဲအုပ်အေးအေးသိန်းအားလည်းကောင်း၊ ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာနချုပ်မှ ဒုတိယတပ်ကြပ်မိုးမိုးစိုးအားလည်းကောင်း၊ ၂၀၀၁ ခုနှစ်နှင့် ၂၀၀၃ ခုနှစ် အာဆီယံနိုင်ငံများ၏ မသန်စွမ်းအားကစားပြိုင်ပွဲများ၌ လုံတံပစ်၊ သံပြားပစ်၊ သံလုံးပစ်နှင့် အလျားခုန်ပြိုင်ပွဲများတွင် ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့်ကြေးတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် ထူးချွန်အမျိုးသမီး မသန်စွမ်းအားကစားမယ် မနန်းမစိန်အားလည်းကောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အာရှဂူရှူးတံခွန်စိုက်ပြိုင်ပွဲ၊ ကမ္ဘာ့ဂူရှူး တံခွန်စိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည့် ထူးချွန် အမျိုးသမီးအားကစားမယ် မခိုင်ခိုင်မော်အား လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခဲ့တာဆိုရင် အင်မတန် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။ အလားတူ ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများ များစွာပေါ်ထွန်းလာဖို့ ကြိုးစားသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးအနေဖြင့်လဲ ဖြစ်ထွန်း တည်ရှိပြီးဖြစ်သည့် အမျိုးသမီး အခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေး၊ မြန်မာအမျိုးသမီးအခွင့်အရေးများ ခေတ်ကာလနှင့်အညီ ဆက်လက်တိုးတက် ဖြစ်ထွန်းစေရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ပြန်ကြားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စသည့် ကဏ္ဍများခွဲပေးပြီး စနစ်တကျ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာတွင် အထူးအာရုံစူးစိုက် ဆောင်ရွက်နေကြသည့် အမျိုးသမီးများအကြမ်းဖက်ခံရမှု၊ လူကုန်ကူးခံရမှု ပြဿနာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်း ရေး၊ အမျိုးသမီးငယ်ရွယ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးရေးစသည့် လုပ်ငန်းကဏ္ဍများကိုပါ အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လာအိုဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စတုတ္ထအကြိမ် မြန်မာ–လာအို ဗဟိုအဆင့်နယ်စပ်အာဏာပိုင်အဖွဲ့ အစည်းအဝေးသို့တက်ရောက်ရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Phongsavath Boupha နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chanthavy Bodhisane လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘောဒီးယားဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခြင်းခံရသော ဆမ်ဒက်ဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အီဂျစ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၄ခုနှစ် ဇူလိုင် ၂၃ရက်၌ကျရောက်သော အီဂျစ်အာရပ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အီဂျစ်အာရပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာအာမက်နာဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဂျပန်နိုင်ငံလွှတ်တော်အမတ်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဂျပန်နိုင်ငံလွှတ်တော်အမတ်နှင့် မြန်မာ–ဂျပန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Hon. Mr. Makoto Koga နှင့် ဂျပန်နိုင်ငံလွှတ်တော်အမတ်များဖြစ်ကြသော Hon. Mr. Toshihiro Nikai, Hon. Mr. Shinya Izumi, Hon. Mr. Masaji Matsuyama, Hon. Mr. Kimitaka Fujino နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Yuji Miyamoto လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

အလိုတော်ပြည့် ၁၀ ရက်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်တွင် ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်မှ ဝါခေါင်လဆန်း ၂ ရက် (ဩဂုတ် ၇ရက်မှ ဩဂုတ် ၁၇ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ တပည့် သန်လျင်ဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ(ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်သောဘနဆရာတော်တို့က သတိပဋ္ဌာန်အလုပ်ပေးတရားတော်တို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုကြသော ယောဂီများအနေဖြင့် ဩဂုတ် ၇ရက် ညနေ ၅ နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက်သို့လာရောက်ကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း–၀၁–၅၄၅၃၃၇၊ ၀၉–၈၀–၃၀၆၆၆နှင့် ၀၉–၅၀–၁၄၅၀၀ တို့သို့လည်းကောင်း ဆက်သွယ်နိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။

(က–ပ)

ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်နေရာကွက်၍မိုးကြီးနိုင်

ရန်ကုန် ဇူလိုင် ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင်နေရာကွက်ကျား၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်နှင့်ကရင်ပြည်နယ်တို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဇူလိုင် ၂၃ရက်ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့်ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ ထိတိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ရက် (အဖိတ်နေ့)
၂၃–၇–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၄၀ ၈။ ချောင်းမကြီး(မြို့လှ) ရေလှောင်တမံ(ပဲခူးတိုင်း)
- ၁၇:၅၀ ၉။ **"ကုသမနေး တီဘီဘေး"** ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး (ဒါရိုက်တာ–ပန်းချီစိုးမိုး)
- ၁၈:၀၀ ၁၀။ မြန်မာစာ မြန်မာစကား
- ၁၈:၁၀ ၁၁။ တေးဂီတအစီအစဉ်
- ၁၈:၂၀ ၁၂။ Discovery
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း–၄၂)
- ၁၉:၃၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၁၉:၄၅ ၁၇။ သာယာငြိမ်းချမ်းစိမ်းလန်းစိုပြည် ရန်ကုန်မြေ(အပိုင်း–၁)
- ၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာရုပ်ရှင် **"မောင့်မူပိုင်ရှင်"** (အပိုင်း–၂) ဒွေး၊ လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ထက်ထက်မိုးဦး (ဒါရိုက်တာ–ကိုစန်းအောင်)
- ၂၂။ နောက်တစ်နေ့အစီအစဉ်

ဖက်ပင်အိုင်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ဇ/မြောက်ရပ်ကွက် ဖက်ပင်အိုင်စာသင်တိုက်၌ ဝါဆိုဝါကပ်ပြုတော်မူကြမည့် ဆရာတော်ဘဒ္ဒန္တဂန္ဓမာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အမှူးပြုသော စာချစာသင် သံဃာတော်အရှင်မြတ် အပါး ၂၀၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဖက်ပင်အိုင်စာသင်တိုက်၌ ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်(ဇူလိုင် ၃၁ရက်) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း နီကိုဒီဂျစ်တယ်လေဆာ ဓာတ်ပုံကူးခန်းဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် သမဝါယမစတိုး အမှတ် ၁၈ လီမိတက် Nikko General Trading ရောင်စုံဓာတ်ပုံကူးဆေးလုပ်ငန်းခွဲ၏ Nikko Digital Laser Lab ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း အမှတ် ၁၃၇/၁၄၃ရှိ အဆိုပါ သမဝါယမစတိုး အမှတ် ၁၈ လီမိတက် ဆိုင်ခန်း၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အစီအစဉ်အရ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ထွေးထွေးသန်းက Nikko Digital Laser Lab ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ သမဝါယမစတိုး အမှတ်၁၈ လီမိတက် Nikko General Trading နာယက ဦးပါပိတ်နှင့် Accel International Co.,Ltd. Managing Director, Mr. Alvin Law တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ၎င်းနောက် ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် Digital Laser Lab အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက Kodak Noritsu Laser 32 Series စက်သစ်ကြီးဖြင့် ၁၂လက်မ x၃၆ လက်မအရွယ်ဓာတ်ပုံကြီးများအထိကူးနိုင်သည့် စက်သစ်ကြီးများ၏ အဆင့်မြင့်စွမ်းဆောင်ရည်များကို လက်တွေ့ရှင်းလင်းသရုပ်ပြကြသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်သစ်ကြီးဖြင့် အင်တာနက်နှင့် ချိတ်ဆက်ကာ ဓာတ်ပုံများ လွယ်ကူလျင်မြန်စွာ ကူးပေးနိုင်သော E. Digital Photo Service စီစဉ်ပြုလုပ်ပေးနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယောနယ်အသင်း(ရန်ကုန်) စုပေါင်းဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၂

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်အမှူးပြုသောအသင်းကြီး၏ဩဝါဒါစရိယ ဆရာတော်များ၊ ရန်ကုန်တိုင်းအတွင်း ဝါကပ်တော်မူကြသည့် ယောနယ်ဒေသမှဆရာတော်ကြီးများကိုယောနယ်အသင်း(ရန်ကုန်)က ကြီးမှူးပြီး ရန်ကုန်ရောက်ယောနယ်သူ၊ ယောနယ်သားများက စုပေါင်း၍ ဝါဆိုသင်္ကန်းနှင့်ဘုံဆွမ်းများဖြင့် ၁၃၆၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် ဩဂုတ် ၁ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယောနယ်အသင်းတိုက် အမှတ်၂၀၂၊လမ်း၄၀၊ကျောက်တံတားမြို့နယ်၌ ဆက်ကပ်လှူဒါန်းကြပြီး တိပိဋကဓရယောဆရာတော်ဟောကြားအပ်သော အနုမောဒနာတရားကို အတူတကွ နာယူနိုင်ရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

သက်နှင့် လှူဖွယ်ပစ္စည်းများကို ဦးအေးမောင် ဖုန်း-၂၄၀၆၁၄၊ ဦးအောင်မြ ဖုန်း-၂၅၂၈၁၁ နှင့် ဦးသာလှ ဖုန်း-၃၈၀၄၄၈ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရာနှုန်းပြည့်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းဆက်ကပ်အလှူတော် မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့ ကမ္ဘာအေး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ ဝါကပ်တော်မူကြမည့် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓမ္မပါဠိပါရဂူ ဘဒ္ဒန္တသုမင်္ဂလာလင်္ကာရ(Ph.D) အမှူးရှိသော သံဃာတော်အပါး ၃၅၀ တို့အား အကျိုးဆောင်များနှင့် အလှူရှင်များစုပေါင်းကာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (၃၁-၇-၂၀၀၄ရက်)စနေနေ့ မွန်းလွဲ ၂နာရီအစား ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက် (၁-၈- ၂၀၀၄ ရက်)တနင်္ဂနွေနေ့ ညနေ ၃နာရီတွင် သီရိမင်္ဂလာအနန္တဂုဏ်ရည် ငါးထပ်ကျောင်းတော်ကြီး တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်ကြီး အရှေ့ဝါယာလက်၂လမ်း၊ ရေကူး+ကမ္ဘာအေး၊ ရန်ကုန်မြို့တွင် ရက်ပြင်ဆင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကိုယ်တိုင်ကပ်လှူ၊တရားတော်နာကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ **တပည့်ဒါယကာ၊ ဒါယိကာမများ။**

ချင်းတွင်းမြစ်ကူးတံတား(မုံရွာ) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၂

ချင်းတွင်းမြစ်ကူးတံတား (မုံရွာ) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂) နှင့်(၃)အကြားမှ ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ ချင်းတွင်းမြစ် ရေကြီးနေပြီးရေစီးနှုန်းမြင့်မားလာသဖြင့်ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၀၄ခုနှစ် ဇူလိုင်၂၆ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့် (၃)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၁၀၀ရှိပြီး ကင်းလွတ်အမြင့်မှာ ပေ ၄၀ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှချဉ်းကပ်လမ်းကြောင်းအမှန်ဖြင့် ထိန်းသိမ်း ခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ယခုအပတ်မြန်မာဓာတ်ကားသစ်ရုံမဝင် Fair Game ဓာတ်ကား ရွှေဂုံရုံဝင်လာ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇူလိုင် ၂၂

ယခုသောကြာပတ်တွင် မြန်မာဓာတ်ကားသစ်များ ရုံဝင်လာခြင်းမရှိဘဲ ပြသဆဲ ဓာတ်ကားများ ဆက်လက် အောင်ပွဲခံ ပြသလျက်ရှိသည်။

အမျိုးသားရုပ်ရှင်မှ ဒါရိုက်တာ ကျော်သူရိုက်ကူးပြီး ကျော်သူ၊ မင်းမော်ကွန်း၊ ထွန်းအိန္ဒြာဗို၊ ဆုပန်ထွာ၊ ချိုပြုံး၊ နှင်းဆီ၊ ဇော်ဦးနှင့် မင်းခတို့

The Rundown ဓာတ်ကားမှ ဓာတ်ဝင်ခန်းတစ်ခန်း။

ပါဝင် သရုပ်ဆောင်ထားသော **အမေ့နို့ဖိုး** ဓာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့် မြင့်ရုံများတွင် ဆက်လက်အောင်ပွဲခံ ပြသလျက်ရှိသည်။

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးပြီး လူမင်း၊ ရာဇာနေဝင်း၊ ဟက်ကက်၊ အိန္ဒြာကျော်ဇင်၊ တင့်တင့်ထွန်းတို့ ပါဝင်သရုပ်ဆောင်ထားသော **မှော်ဝင်ကြိုး** ဓာတ်ကား ရွှေဆောင်ရုံတွင် ဆက်လက်ပြသနေသည်။

ဒါရိုက်တာ Peter Berg ရိုက်ကူးပြီး The Rock, Seann Willian Scott Rosario Daw Son တို့ ပါဝင် သရုပ်ဆောင်ထားသော The Rundown ဓာတ်ကား နေပြည်တော်ရုံတွင် ဆက်လက်ပြသနေသည်။

တန်းမြင့် မြို့မရုံတွင် ဒါရိုက်တာ Karan Johar ရိုက်ကူးပြီး ရှာရွတ်ခန်နှင့် ကာဂျိုးတို့ ပါဝင်သရုပ်ဆောင်ထားသော Kuch Kuch. Hota Hai ဓာတ်ကား ရုံဝင်လာသည်။

ရွှေဂုံအဆင့်မြင့်ရုံတွင် ဒါရိုက်တာ Andrew Sipes ရိုက်ကူးပြီး မင်းသားချော William Baldwin နှင့် ယနေ့နာမည်ကျော်ရုပ်ရှင်မင်းသမီး Cindy Crawford တို့ ပါဝင်သရုပ်ဆောင်ထားသော Fair Game ဓာတ်ကား ရုံဝင်လာသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ ပူးပေါင်းတင်ဆက်သည့် **"နာမည်တစ်လုံးနှင့် နေကြသူများ"** ဓာတ်ကား နဝဒေးအဆင့်မြင့် ရုပ်ရှင်ဥယျာဉ်တွင် ရုံဝင်လာသည်။ ဒါရိုက်တာ ကျော်ဇေလင်း ရိုက်ကူးပြီး လူမင်း၊ နန္ဒ၊ ခန့်စည်သူ၊ နေလင်းဦး၊ အိန္ဒြာကျော်ဇင်၊ မိုးပြည့်ပြည့်မောင်၊ ဇင်ဇင်ဇော်မြင့်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။ ဘုရင်အဆင့်မြင့်ရုံတွင် Koi Milgaya အိန္ဒိယသိပ္ပံဓာတ်ကား ရုံဝင်လာသည်။

ကောင်းကင် စာပေမှ ဒါရိုက်တာ ရဲဝန်ထမ်းဟောင်းတစ်ဦး ရေးသားသည့် ရုပ်ရှင်သရုပ်ဆောင် လမ်းညွှန်စာအုပ်ကို ရုပ်ရှင်ဝါသနာရှင်များ အတွက် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ရုပ်ရှင် သရုပ်ဆောင် လမ်းညွှန်စာအုပ်သည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သင်တန်းတွင် သင်ကြားသော သင်ရိုးဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ် ဓာတ်ကားမှ ရာဇာနေဝင်းနှင့် ရန်အောင်။

ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ် ဓာတ်ကားမကြာမီ ရုံဝင်လာမည်

ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးပြီး ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ ပါဝင် သရုပ်ဆောင်ထားသော 'ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့ လိုတယ်' ဓာတ်ကား မကြာမီ ရုံဝင်လာမည် ဖြစ်သည်။ ။ (မြန်မာ့အလင်း)

ဧရာနှင့် ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ခြောက်ပေခန့်နှင့် ကသာမြို့တွင်နှစ်ပေခွဲခန့် စိုးရိမ်ရေမှတ်များ အထက်တွင် ရှိနေပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်းစိုးရိမ်ရေမှတ်များ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် ပေဝက်ခန့်စိုးရိမ်ရေမှတ်များ အထက်တွင် ရှိနေပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်းသိရသည်။

အလားတူ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် တစ်ပေခန့် စိုးရိမ် ရေမှတ်အထက်တွင် ရှိနေပြီး မကွေးမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်များ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ပေခွဲခန့် စိုးရိမ်ရေမှတ် အထက်တွင်ရှိနေပြီး ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

အိမ်ရှင်တရုတ်အသင်း ဂိုးဒါဇင်ဝက်နီးပါးသွင်းပြီး အင်ဒိုကိုအနိုင်ယူ ဂျော်ဒန်နှင့်ကူဝိတ်၊ ယူအေအီးနှင့် တောင်ကိုရီးယားတို့ယနေ့ကစားမည်

သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ

ရန်ကုန် ဇူလိုင် ၂၂

အာရှဖလားဘောလုံးပြိုင်ပွဲကို တရုတ်နိုင်ငံတွင် ဆက်လက်ကျင်းပလျက်ရှိရာ ယခုအခါအုပ်စုအဆင့် ဒုတိယ ပတ်လည်ပွဲစဉ်များကို ကစားနေပြီဖြစ်သည်။ ဇူလိုင် ၂၁ ရက်က ကစားသော အုပ်စု(က)မှ ဘာရိန်းနှင့်ကာတာ၊ အင်ဒိုနီးရှားနှင့် တရုတ်တို့ပွဲတွင် ဘာရိန်းနှင့်ကာတာ တစ်ဂိုးစီသရေကျပြီး တရုတ်က အင်ဒိုနီးရှားကို ငါးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြသည်။

ဘာရိန်းနှင့် ကာတာတို့သည် ပထမအုပ်စုပတ်လည်ပွဲစဉ်၌ ဘာရိန်းကတရုတ်ကိုသရေကစားခဲ့ပြီး တစ်မှတ်ရလျက်ရှိရာ ကာတာအသင်းမှာ အင်ဒိုနီးရှားနှင့်ပွဲ၌ ရှုံးထားသဖြင့် ယခုပွဲစဉ် ဘာရိန်းနှင့်ကစားရာတွင်လည်း သရေကျရာ တစ်မှတ်သာရရှိနေသည်။

ဘာရိန်း နှင့်ကာတာတို့ပွဲတွင် နှစ်သင်းစလုံးတိုက်စစ်ဖွင့်ကစားခဲ့သော်လည်း ဘာရိန်းကဘောလုံးပိုင်ဆိုင်မှုပိုများပြီး ကာတာဘက်သို့ အချိန်များများဖိကစားထားနိုင်သည်။

ဘာရိန်းအသင်းတရုတ်နှင့် ကစားခဲ့သော ခံစစ်အားပြုတိုက်စစ်ဆင်ကစားနည်းကို မသုံးဘဲတိုက်စစ်ဆင်ကစားခဲ့ရာ တိုက်စစ်မှူးများဖြစ်သည့် ဟူစိန်အလီ၊ အလာဟူဘယ်တို့ကို အလယ်တန်းမှ တယ်အယ်ယူဆေ့ဖ်၊ မိုဟာမက်ဆီးမင်း၊ အာရက်ဒိုဆာလီတို့ကအဖြတ်အတောက်အပေးအပို့ကောင်းစွာပံ့ပိုးပေးခဲ့သဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုများကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။

ဘာရိန်းအသင်း ၄–၄–၂ပုံစံဖြင့် ကစားရာ ကစားကွက်ကို အချိန်အတော်များများထိန်းချုပ်နိုင်ခဲ့သဖြင့် ကာတာအသင်းထိုးဖောက်ကစားနိုင်မှုအားနည်းခဲ့ရာမှ ပွဲချိန် ၅၉ မိနစ်တွင် ကာတာအသင်း တိုက်စစ်ဆင်ရာမှ ဘာရိန်းနောက်ခံလူအဖျက်ကြမ်းသဖြင့် ပယ်နယ်တီပေးရရာ ကာတာအလယ်တန်းလူဝီဆမ်ရီဇစ် ကန်သွင်းသဖြင့် ကာတာတို့ ဂိုးစတင်ရရှိသွားသည်။

ပယ်နယ်တီ

ယင်းပယ်နယ်တီ ပြစ်ဒဏ်ဘောမှာဒိုင်လူကြီး၏ အငြင်းပွားဖွယ်ရာ ဆုံးဖြတ်ချက်ကြောင့်ဖြစ်ပြီး ဘာရိန်းတို့နစ်နာခဲ့ရသည်။ ဂိုးပေးလိုက်ရသည်နှင့်ဘာရိန်းအသင်း ချေပဂိုး ရရှိရေးအကြိမ်ကြိမ်ကြိုးစား ဖောက်ကစားရာပွဲချိန် မိနစ် ၉၀ တွင်ဘာရိန်းတိုက်စစ်မှူးဟူဘာလီ ခေါင်းတိုက်သွင်းရာမှ ချေပဂိုးရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု(က)တွင် ကာတာအသင်းနှစ်ပွဲကစားပြီး တစ်မှတ်သာရရှိသေးရာ အုပ်စုမှပင်ထွက်ရရန်သေချာသလောက်ရှိနေပြီဖြစ်သည်။ ဘာရိန်းနှင့်ကာတာတို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို ကာတာမှ ဝီဆမ်ရီဇစ်ခ်က ရရှိသွားသည်။

အုပ်စု(က) အုပ်စုပတ်လည် ဒုတိယပွဲစဉ်အဖြစ် နာမည်ကြီးအိမ်ရှင် တရုတ်နှင့်အင်ဒိုနီးရှားတို့ ပေကျင်းမြို့ အလုပ်သမားအားကစားကွင်း၌ဒုတိယ ပွဲစဉ်အဖြစ်ကစားရာ တရုတ်အသင်း အုပ်စုပထမအဖွင့်ပွဲစဉ်၌ ဘာရိန်းကို သရေကစားခဲ့သဖြင့် ဝိုင်းဝန်းဖိအားပေးမှုများခံနေရသည်ကို ချေဖျက်ရန် တရုတ်အသင်းပွဲစသည်နှင့်တိုက်စစ်ဖွင့်ကစားခဲ့သည်။

တရုတ်နည်းပြ အာရီဟမ်းသည် ၅–၃–၂ ပုံစံချပြီးကစားစေခဲ့ရာ အင်ဒိုနီးရှားတို့၏တန်ပြန်တိုက်စစ်ကိုလုံခြုံစိတ်ချစွာကာကွယ်ပြီး ကွင်းလယ်ကစားကွက်အားပြုကာ တိုက်စစ်ဆင်ကစားမည်ဟု ရည်ရွယ်ထားခဲ့သော အင်ဒိုနီးရှားတို့ ပွဲစသည်နှင့် တရုတ်တို့၏ တိုက်စစ်အောက်တွင် မလှုပ်ရှားနိုင်အောင်ဖြစ်ခဲ့သည်။

အိမ်ရှင်တရုတ်နှင့် အင်ဒိုနီးရှားတို့ပွဲတွင် တရုတ်မှ လီဝေဖန်နှင့် အင်ဒိုနီးရှားမှ ဆက်ဘူဒီတို့ ဤသို့ဘောလုံးယှဉ်လုခဲ့ကြသည်။ (ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှား၏ ကစားဟန်ကို တရုတ်နည်းပြ အာရီဟမ်းကောင်းစွာနားလည်သဘောပေါက်ကာ ကစားကွက်ပုံစံပြောင်းပြီး ပွဲစသည်နှင့်မနားတမ်းတိုက်စစ်ဆင်ကစားရာ တရုတ်ကစားကွက်ကို အင်ဒိုတို့မချေဖျက်နိုင်ခဲ့ပေ။ တရုတ်အသင်းနေရာမျိုးစုံမှ ထိုးဖောက်ကစားပြီး ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်သည့် လီကျင်ယု၊ ဟိုဟိုင်ဒေါင်တို့နှင့်အတူ အလယ်တန်းမှ ဆာရိုဂျီရာယီ၊ ဇာအိုဂျန်ဇီနှင့် ယန်ဆောင်တို့ကပါ အတွဲညီညီ ထိုးဖောက်ကစားရာ ပွဲချိန် ၂၅ မိနစ်တွင် ဘယ်ခြမ်းမှ အမြောက်ကန်တင်ပေးလိုက်သည့် ဘောလုံးကို ဆာရိုဂျီရာယီက ဘယ်ခြေဖြင့် ကန်သွင်းရာမှ တရုတ် ပထမဂိုး ရရှိခဲ့သည်။

ပွဲချိန်မိနစ် ၄၀ တွင် တိုက်စစ်မှူးဟိုဟိုင်ဒေါင်က အနီးကပ် ခေါင်းတိုက်သွင်းပြီး ဒုတိယမြောက် ဂိုးရရှိသွားပြီး ပထမပိုင်း တရုတ်တို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်ကစားလျက်ရှိရာမှ ပွဲချိန် ၅၁ မိနစ်တွင် လီမင်က ထောင့်ကန်ဘောကန်ရာတွင် ဂိုးသမားပုတ်ထုတ်ရာမှ ဂိုးဝင်သွားသဖြင့် တရုတ်တို့ တတိယဂိုး ရရှိသွားသည်။ ပွဲချိန် ၆၆ မိနစ်တွင် ဆာရိုဂျီရာယီက စတုတ္ထဂိုးကိုလည်းကောင်း၊ ပွဲချိန်မိနစ် ၈၀ တွင် လီယီက လည်းကောင်း သွင်းယူ၍ တရုတ်တို့ ငါးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တစ်ဖက်သတ်

တရုတ်နှင့် အင်ဒိုနီးရှားတို့ပွဲတွင် တရုတ်တို့က တစ်ဖက်သတ် ဖိကစားနိုင်ပြီး ကစားကွက်အသာ၊ တစ်ဦးချင်းအစွမ်းတွင်လည်း မယှဉ်နိုင်သည်ဖြစ်ရာ တရုတ်တို့ ထိုးဖောက်ကစားမှု၊ တရစပ် တိုက်စစ်ဆင်မှုများကြောင့် အင်ဒိုတို့ တန်ပြန်တိုက်စစ်ပင် မပြုလုပ်နိုင်အောင်ဖြစ်ခဲ့ရသည်။

တရုတ်တို့ အင်ဒိုနီးရှားအသင်းအပေါ် ဂိုးဒါဇင်ဝက်နီးပါး သွင်းယူနိုင်ခဲ့သဖြင့် အိမ်ရှင်တရုတ် ပရိသတ်အဖို့ ကျေနပ်မှုဖြစ်ခဲ့ရသည်။ အိမ်ရှင်ချန်ပီယံဖြစ်ရမည်ဟူသော ရည်မှန်းချက်များလည်း ပိုမိုမျှော်လင့်နိုင်ပြီဖြစ်သည်။ ယခုလက်ရှိ အနေအထားတွင်လည်း အုပ်စု(က)တွင် တရုတ်တို့ အုပ်စုဗိုလ်ဖြစ်ရန် သေချာသလောက် ဖြစ်နေပြီဖြစ်သည်။

အကောင်းဆုံး

တရုတ်နှင့် အင်ဒိုနီးရှားတို့ပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုကို တရုတ်မှ လီမင်က ရရှိခဲ့သည်။

အာရှဖလား ၂၀၀၄ပြိုင်ပွဲအုပ်စု(ခ)မှ ဂျော်ဒန်နှင့် ကူဝိတ်၊ ယူအေအီးနှင့် တောင်ကိုရီးယားအသင်းတို့ အုပ်စုပတ်လည်ဒုတိယပွဲစဉ်များအဖြစ် တရုတ်နိုင်ငံ ဂျီနန်မြို့ရှိ ရှန်ဒေါင်းစပေါ့စင်တာကွင်း၌ ဇူလိုင် ၂၃ရက် **(ယနေ့)** တွင်ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

ပထမပွဲစဉ်အဖြစ် ဂျော်ဒန်နှင့် ကူဝိတ်အသင်းတို့ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အုပ်စု(ခ)အုပ်စုပတ်လည် ပထမအဖွင့်ပွဲစဉ်၌ ဂျော်ဒန်နှင့် တောင်ကိုရီးယားတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာတွင် ဂိုးမရှိ သရေကျခဲ့ရာ တစ်မှတ်စီခွဲဝေယူခဲ့ရသဖြင့် အုပ်စုမှ တစ်ဆင့်တက်ရေး ရတက်မအေးဖွယ်ဖြစ်နေရသည့် အသင်းများဖြစ်နေသည်။

စိတ်ဓာတ်မြင့်မား

ဂျော်ဒန်အသင်းသည် အာရှဖလားချန်ပီယံအဖြစ် ရေပန်းစားနေသော တောင်ကိုရီးယားအသင်းကို သရေကျအောင်ကစားနိုင်ခဲ့ရာတွင် ဂိုးသွင်းမခံခဲ့ရသဖြင့် ဂျော်ဒန်အသင်း ဂုဏ်ယူဝင့်ကြွားလျက်ရှိရာ စိတ်ဓာတ်လည်းမြင့်မားလျက်ရှိသည်။

ဂျော်ဒန်အသင်းသည် ခံစစ်အားပြုပြီးတန်ပြန်တိုက်စစ်ဖြင့် ကစားတတ်သည့်အသင်းဖြစ်ရာ ပွဲဦးထွက်တွင် ထိုနည်းအတိုင်း တောင်ကိုရီးယားကို ဂိုးမရှိ သရေကျအောင်ကစားနိုင်ခဲ့ရာ ယခု ကူဝိတ်နှင့်ကစားရာတွင်လည်း ယင်းနည်းကိုပင် ထပ်မံကျင့်သုံးကစားမည်ဖြစ်သည်။

ဂျော်ဒန်အသင်းနည်းပြ အယ်လ်ရိုဟာရီကလည်း မိမိအသင်းသည် ဂရိတို့ယူရို၂၀၀၄တွင် ကစားခဲ့သော ခံစစ်အားပြုတန်ပြန်တိုက်စစ်ဆင်နည်းကိုကိုင်စွဲကာ အာရှဖလားချန်ပီယံခရီးကိုဖြတ်သန်းမည်ဟု ပြောကြားလျက်ရှိသည်။

ဂျော်ဒန်အသင်းအနေဖြင့် ပြီးခဲ့သည့်အာရှဖလား ၂၀၀၀တွင် ကူဝိတ်ကိုအနိုင်ကစားခဲ့ဖူးသော သမိုင်းမှတ်တမ်းရှိနေရာ ယုံကြည်မှုအပြည့်နှင့် ကူဝိတ်ကိုကစားမည်ဖြစ်သည်။

ကူဝိတ်အသင်းသည် အုပ်စု(ခ) ပထမပွဲစဉ်၌ ယူအေအီးကို သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ယူထားပြီး သုံးမှတ်အပြည့်ရရှိကာ အောင်မြင်မှုစိတ်ဓာတ်မြင့်မားနေသည့်အသင်းဖြစ်သည်။

ယူအေအီးနှင့် ကစားသောပွဲ၌ ကူဝိတ်ကစားပုံသည် ပထမပိုင်း ပွဲချိန်တစ်ခုလုံးတွင် ကစားကွက်အသာစီးရကာ ဘောလုံးပိုင်ဆိုင်မှုများပြီး တိုက်စစ်ဖွင့်ကစားခဲ့သဖြင့် ထိုနည်းအတိုင်းကစားပါက ဂျော်ဒန်တို့လွယ်မည်မဟုတ်ပေ။

ကူဝိတ်

ကူဝိတ်တွင် အက်အဗ္ဗဒူလာဇစ်၊ ဘာဒါအယ်မူတာဝါတို့တိုက်စစ်ဆင်ကစားရာတွင် ထိရောက်မှု ရှိကြပြီး ဂိုးရရှိရေး အဆုံးသတ်ပိုင်းလည်း ကောင်းမွန်ကြသည်ဖြစ်ရာ ကူဝိတ်တို့ အနိုင်ရဖွယ်ရှိနေသည်။

ဇူလိုင် ၂၃ ရက် (ယနေ့)တွင် အုပ်စု(ခ)မှ ယူအေအီးနှင့် တောင်ကိုရီးယားတို့ ဒုတိယပွဲစဉ်အဖြစ် ကစားကြမည်ဖြစ်ရာ ဂျော်ဒန်ကို သရေကျခဲ့သော တောင်ကိုရီးယားတို့ အုပ်စုမှ တက်ရေးအတွက် ယူအေအီးကို အနိုင်ကစားရတော့မည် ဖြစ်သည်။

ဟော်လန်နည်းပြ ဂျိုကွန်ဖရေရီ၏ တောင်ကိုရီးယား အသင်းသည် ဂျော်ဒန်အသင်းကဲ့သို့ပင် ယူအေအီးက ခံစစ်အားပြု တန်ပြန်တိုက်စစ်ဆင်နည်းအတိုင်းကစားခဲ့ပါက နည်းစနစ်ပိုင်းပြောင်းလဲရန် လိုအပ်လျက်ရှိရာ တောင်ကိုရီးယားတို့ ကစားကွက်ပုံစံပြောင်းကစားဖွယ်ရှိသည်။ တောင်ကိုရီးယား တိုက်စစ်မှူးများ ကြုံသလိုဂိုးသွင်းနိုင်ကြသူများဖြစ်ရာ တစ်ဖက်အသင်း တိုက်စစ်ဆင်ကစားချိန်တွင် ယူအေအီး နောက်ခံလူများ အမှားအယွင်းများ ပြုလုပ်တတ်သဖြင့် ယင်းအားနည်းချက်ကို လျင်မြန်သော တောင်ကိုရီးယား တိုက်စစ်မှူးများက အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချဖွယ်ရှိသည်။

တစ်ဦးချင်းနှင့် အသင်းလိုက် ကစားရာတွင် တောင်ကိုရီးယားတို့ကို ယှဉ်နိုင်ဖွယ်မရှိရာ သရေပွဲအဖြစ်ကိုပင် တောင်ကိုရီးယားတို့ ထပ်မံလက်ခံတော့မည် မဟုတ်ဘဲ ယူအေအီးကို အနိုင်ကစားကာ သုံးမှတ်အပြည့်ယူမည့်အနေအထားရှိသည်။

ယူအေအီးသည် ကူဝိတ်ကို ဂိုးပြတ်ရှုံးခဲ့သော်လည်း ဒုတိယပိုင်း ကစားပုံကောင်းမွန်သည်ဖြစ်ရာ ထိုနည်းအတိုင်း ယခုပွဲတွင် ကစားပါက တောင်ကိုရီးယားတို့ အခက်အခဲတွေ့နိုင်သည်။ ယူအေအီး ရှေ့တန်းတိုက်စစ်မှူးများဖြစ်သည့် ဆစ်ဒ်အယ်အဘာဒီ၊ အစ်မေးမာတာ၊ အီဘရာဟင်နှင့် ဟာရီနီတို့မှာ တစ်ဖက်နောက်ခံလူများကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သူများဖြစ်သည်။ အုပ်စုဖွဲ့ တိုက်စစ်ဆင်ကစားရာတွင် ထိရောက်မှုရှိကာ အဆုံးသတ်မှု အားနည်းသည်ကို ပြင်ဆင်လိုက်ပါက တောင်ကိုရီးယားတို့ အနိုင်ရရှိရေး အသည်းအသန်ကြိုးစားရမည်ဖြစ်သည်။

သို့သော်လည်း တောင်ကိုရီးယားနှင့် ယူအေအီးအသင်းတို့ ယခင်က ၁၂ ကြိမ်တွေ့ဆုံခဲ့ဖူးရာတွင် တောင်ကိုရီးယားက ခြောက်ပွဲနိုင်၊ ငါးပွဲသရေကျပြီးတစ်ပွဲသာရှုံးခဲ့ဖူးသည့် မှတ်တမ်းရှိနေရာ နိုင်ပွဲရရှိရန် တောင့်တနေသော တောင်ကိုရီးယားတို့၏ တိုက်စစ်ကြောင့် ယူအေအီးတို့ အိမ်ပြန်လက်မှတ်ရရန် သေချာသလောက်ရှိနေပေသည်။ ။ **(မြန်မာ့အလင်း)**

အာရှဖလားဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ အီရတ်နှင့်ဥဇဘက်ကစ္စတန်တို့အနိုင်ရရှိ

ရန်ကုန် ဇူလိုင် ၂၂

၂၀၀၄ ခုနှစ် အာရှဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဆက်လက်ကျင်းပရာ အုပ်စု(ဂ)မှ အီရတ်အသင်းက တာ့ခ်မီနစ္စတန်အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့်လည်းကောင်း၊ ဥဇဘက်ကစ္စတန်အသင်းက ဆော်ဒီအာရေဗျအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

အီရတ်အသင်းက တာ့ခ်မီနစ္စတန်အသင်းကို အနိုင်ရရှိသော ပွဲစဉ်တွင် အီရတ်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် ဟာဝါမိုဟာမက်ကလည်းကောင်း၊ ဒုတိယဂိုးကို ပွဲချိန်မိနစ် ၈၀ တွင် ရီဇာ့စ်ဖာဟမ်ကလည်းကောင်း၊ တတိယဂိုးကို ပွဲချိန် ၈၈မိနစ်တွင် ကူဆေးမူနာကလည်းကောင်း သွင်းယူပေးသည်။ တာ့ခ်မီနစ္စတန်အသင်းအတွက် ပထမဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် ဗလာဒီမာဗေရာမော့ဗ်ကလည်းကောင်း၊ ဒုတိယဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ကူလီရေ့ဗ်ကလည်းကောင်း သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို အီရတ်အသင်းမှ ရီဇာ့စ်ဖာဟမ်က ရရှိသည်။

ဥဇဘက်ကစ္စတန်အသင်းက ဆော်ဒီအာရေဗျအသင်းကို အနိုင်ရရှိသောပွဲစဉ်တွင် ဥဇဘက်ကစ္စတန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် အလက်ဇန်ဒါဂေးနက်က သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဥဇဘက်ကစ္စတန်အသင်းမှ အိုင်ဗာဟင်ဆိုဝက်ခ်က ရရှိသည်။

အုပ်စု(ဂ)

အုပ်စု(ဂ)တွင် ဥဇဘက်ကစ္စတန်အသင်းက နှစ်ပွဲနိုင်(၆)မှတ်ဖြင့် အုပ်စုကို ဦးဆောင်လျက်ရှိသည်။ အီရတ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး (၃) မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။ ဆော်ဒီအာရေဗျအသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၁)မှတ်၊ တာ့ခ်မီနစ္စတန်အသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံး (၁)မှတ် ရရှိထားသည်။ **(မြန်မာ့အလင်း)**

အိုင်ဒီယာမဂ္ဂဇင်း ဩဂုတ်လထုတ်ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၂

ဒေါက်တာကျော်စိန်၏ ဘဝအောင်မြင်ရေးနည်းလမ်း ငါးသွယ်၊ တာရာမင်းဝေ၏ လူနှင့်အချက်ပေးခေါင်းလောင်းသံ၊ ရူပါသိမ်း၏မျက်လုံးကို ဂရုစိုက်တတ်မှလှမယ်၊ တင်လတ်သန္တာဗိုလ်၏ The Rock စတိုင်လ်၊ နေဝင်းမြင့်၏ ထီး၊ မင်းခိုက်စိုးစံ၏ စေတန်ရဲ့တံဆိပ် အပါအဝင်ကဗျာ၊ ကာတွန်း၊ ဝတ္ထု၊ အက်ဆေး၊ ဖက်ရှင်အလှ၊ ရုပ်ရှင်စသော နှစ်ဆယ့်တစ်ရာစုခေတ်၏ စာပေယဉ်ကျေးမှု အနုပညာအတွေးအမြင်အရေးအဖွဲ့ ပုံရိပ်တို့နှင့်အတူ ရတနာပုံ၏ မျက်နှာဖုံးအလှဖြင့် ၂၀၀၄ခုနှစ် ဩဂုတ်လထုတ် idea မဂ္ဂဇင်းကို အမှတ် ၁၂၇ မြေညီထပ် ၄၃လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်

၂၂–၇–၂၀၀၄

ရန်ကုန်မြို့လယ်	၀ ဒသမ ၉၉ လက်မ
ကမ္ဘာအေး	၀ ဒသမ ၈၃ လက်မ
မင်္ဂလာဒုံ	၀ ဒသမ ၆၇ လက်မ

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၁–၇–၂၀၀၄

စစ်တွေမြို့	၂ ဒသမ ၁၃ လက်မ
ကော့သောင်းမြို့	၁ ဒသမ ၆၅ လက်မ
ဗန်းမော်မြို့	၁ ဒသမ ၅၇ လက်မ

မုဒိတာသင်္ကန်းတိုက်

ဖုန်း – ၂၉၀၄၅၁၊ ၀၉–၈၀–၂၄၁၀၁

လက်ထပ်ပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
သတင်းစာဆရာ ဦးထွန်းသာ(မောင်ရဲဝင်း)–ဒေါ်ယဉ်နွဲ့ တို့၏သားထွေး
ဒေါက်တာစည်သူထွန်း (ဆေးဘွဲ့-UK)
Dumfries & Galloway Royal Inifrmary
နှင့်
ရန်ကုန်မြို့နေ
ဒေါက်တာထင်မြတ်–ဒေါ်အေးအေး
တို့၏ တစ်ဦးတည်းသောသမီး
ဒေါက်တာလှမြတ်သီဂီ (ဆေးဘွဲ့-UK)
Glenfield General Hospital

တို့သည် နှစ်ဖက်သောမိဘများ၏ ရှေ့မှောက်တွင် ၁–၇–၂၀၀၄ ရက် UK နိုင်ငံ Lecester Registration Office တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပြီးစီးပါကြောင်းနှင့် ကျွန်တော် ကျွန်မတို့၏ ၃–၇–၂၀၀၄ရက် Holiday Inn Birmingham City Hotel ၌ ပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်၍ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော UK နိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာဦးကျော်ဝင်းနှင့် ဇနီး၊ ထိမ်းမြားမင်္ဂလာ လက်ထပ်ပေးသော မြန်မာအသင်း(UK)ဥက္ကဋ္ဌ ဦးနေဝင်းနှင့်ဇနီး၊ မင်္ဂလာအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ အတွင်းဝန်ဦးကျော်ညွန့်လွင်နှင့် သူငယ်ချင်းမိတ်ဆွေများအားလည်းကောင်း၊ ၄–၇–၂၀၀၄ရက်တွင် Brimingham Buddhist Vihara ၌ ပြုလုပ်သော မင်္ဂလာဆွမ်းကျွေးညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ နိုင်ငံရပ်ခြားမှ ကိုယ်တိုင်ကိုယ်ကျ ကြွရောက်ကူညီကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာစည်သူထွန်းနှင့် ဒေါက်တာလှမြတ်သီဂီ။

သီရိမင်္ဂလာမဟာစည်ရိပ်သာ အထူးတရားစခန်းပွဲဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၅၁ရပ်ကွက် မြဝတီမင်းကြီး ၁ လမ်း သီရိမင်္ဂလာမဟာစည်ရိပ်သာ၌ ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၁၀ရက်အထိ ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယနည်းအတိုင်း ကျေးဇူးတော်ရှင် မဟာစည်ရိပ်သာကြီး၏ ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သံဝရမဟာထေရ်အား အမှူးထား၍ ဓမ္မကထိက ဗဟုဇနဟိတဓရ တွံတေးအရှင်ဣန္ဒကနှင့် တပည့်ရွှေတံတား အရှင်ဝဏ္ဏိဿရ (မဟာစည် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)၊ ဒီပဲယင်း အရှင်သံဝရ(မဟာစည်နယ်လှည့်ဓမ္မကထိက)တို့က ဝါတွင်းအထူး ၁၀ရက် တရားစခန်းပွဲ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၅၈၀၄၅၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သီရိမင်္ဂလာမဟာစည်ရိပ်သာစောင့်ရှောက်ရေးအဖွဲ့။

မုဒိတာသင်္ကန်းတိုက်

"မုဒိတာသင်္ကန်းတိုက်"

မုဒိတာသင်္ကန်းတိုက်

၁၉၇၄ခုနှစ် ဆေးတက္ကသိုလ်(၁) ကျောင်းဆင်းဆရာဝန်များ နှစ်(၂၀)မြောက် တွေ့ဆုံပွဲပြုလုပ်မည်

၁၉၈၄ခုနှစ် ဆေးတက္ကသိုလ်(၁) ကျောင်းဆင်းဆရာဝန်များ တွေ့ဆုံညစာ စားပွဲကို ယခုနှစ် ဒီဇင်ဘာ ၂၆ ရက်၌ ညနေ ၆ နာရီတွင် ရွှေဘဲစားတော်ဆက် (၈) မိုင်၌ ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းရောင်းရင်းများ မိသားစုအလိုက် တက်ရောက်နိုင်ကြောင်း ဖိတ်ကြားပါသည်။

ဆက်သွယ်ရန်လိပ်စာမှာ–

(၁) ဒေါက်တာခင်မောင်ထွေး
ဖုန်း–၅၇၁၁၇၁၊ ၀၉–၈၀–၃၁၈၄၅
e-mails:drhtwe@mptmail.net.mm; T.M.C@mptmail net.mm,imhle@mpt mail.net.mm

(၂) ဒေါက်တာစိုးဝင်း
ဖုန်း–၃၇၁၅၄၈၊ ၀၉–၈၀–၂၅၂၀၅၊ ၀၉–၈၀–၂၂၉၉၃
e-mails:soekay@myanmar.com.mm

(၃) ဒေါက်တာကြည်ကြည်စန်း
ဖုန်း–၃၇၀၈၇၀၊ ၀၉–၅၀–၁၁၅၄၁
e-mails:drkyikyisan@myanmar. com. mm

(၄) ဒေါက်တာသက်ဦး (ABC ဆေးခန်း)
ဖုန်း–၅၃၄၈၇၁၊ ၃၇၆၁၄၃

MCC Budget Training Program

Basic Accounting Course (အခြေခံစာရင်းကိုင်သင်တန်း)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူများနှင့် စာရင်းရေးစာရင်းကိုင်ပညာ (Basic Accounting)ကို အခြေခံမှစ၍ ကျွမ်းကျင်ပိုင်နိုင်စွာတတ် မြောက်လိုသူတိုင်း တက်ရောက်နိုင်ပါသည်။

သင်တန်းကာလ - (၉)ပတ် (၅၀၀၀/-)

နိုင်ငံတော်အစိုးရဗျာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ် ဇူလိုင်လအတွက်နောက်ဆုံးပတ်
(တနင်္ဂနွေနေ့) ၂၅–၇–၂၀၀၄ ရက်နေ့
၂၀၀၄ ခုနှစ် ဩဂုတ်လအတွက်
၁၅–၈–၂၀၀၄ ရက်နေ့နှင့် ၂၉–၈–၂၀၀၄ ရက်နေ့

တရုတ်စာ အထူးသင်တန်း

တရုတ်စာ အမြန်တတ်လိုသူများအတွက် (အရေး၊ အပြော၊ အဖတ်) သင်တန်းနှင့် နိုင်ငံခြားသွားမည့်သူများအတွက် စကားပြောတစ်လခွဲပြတ် တန်းခွဲသစ်ရှိသည်။ **၃–၈–၂၀၀၄ ရက် စဖွင့်မည်။**
အမှတ် ၁၂၇၊ ရွှေတောင်တန်းလမ်းတို။ ဖုန်း–၂၂၅၃၄၆။

☎ 01-535151, 09-80-34549

Y.E.S.
Basic Spoken English : JULY-20,24,26
Pre-Intermediate English : JULY-12,26
Intermediate English : JULY - 20,24
Academic Writing, Basic Writing : JULY-24,26
Grammar Foundation Course : JULY - 10
SAT (I) , SAT (II) / AE, IELTS, TOEFL, VEC
No.119, YMCA Building , Bogalayzay Street, Botataung TSP,
- 245821

NOTE BOOKS CITY
ESPECIALLY FOR LAPTOP
Ph : 510680, 502612, 525933, 09-80-20986

ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၂၂

၂၀၀၄ ခုနှစ် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၄ ရက်ထိ ကာလအတွင်း ရန်ကုန် မြစ်အတွင်းအခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၁၁ ပေခန့်မှ ၂၀ဒသမ ၈၇ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနား ဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ဘောလုံးပြိုင်ပွဲအကြို ဧရာဝတီတိုင်းနှင့်ပြည်ထဲရေးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဇူလိုင် ၂၂

ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ မြောင်းမြ၊ ဟင်္သာတနှင့် မအူပင်မြို့များ၌ ဇူလိုင် ၂၄ရက်မှ ဩဂုတ် ၁၀ရက်အထိ ကျင်းပမည့် ၂၀၀၄ခုနှစ် ပဉ္စမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော ဧရာဝတီတိုင်း လက်ရွေးစင်ဘောလုံးအသင်းနှင့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သော ပြည်ထဲရေးဝန်ကြီးဌာနဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၈ရက် ညနေ ၃နာရီခွဲက ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ပြည်ထဲရေးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တက်ရောက်ကြည့်ရှု

အဆိုပါ ခြေစမ်း ဘောလုံးပြိုင်ပွဲသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း/တပ်မမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းအားကစားနှင့် ကာယပညာကော်မတီမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ခြေစမ်းဘောလုံးပြိုင်ပွဲ မစတင်မီ ဧရာဝတီတိုင်း လက်ရွေးစင်ဘောလုံးအသင်းနှင့် ပြည်ထဲရေးဘောလုံးအသင်းတို့မှ အားကစားသမားများအား အထက်တန်းကျောင်းသူလေးများက ပန်းစည်းဆက်ကြသည်။ ယင်းနောက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က နှစ်ဖက်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်သည်။

ပြိုင်ပွဲစတင်

ခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရာတွင် ပြည်ထဲရေးအသင်းက အဆင့်မြင့်တန်းမှ အသင်းကြီးတစ်သင်းပီပီ ခြေစွမ်းပြကစားပြီး ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည်။ ဧရာဝတီတိုင်းအသင်းကလည်း လူငယ်များဖြစ်၍ ကစားအားကောင်းပြီး ပြည်ထဲရေးအသင်းက ဘောလုံးရလျှင် နှစ်ယောက်၊ သုံးယောက် ဝိုင်းရံပိတ်ဆို့ကစားသွားသည်။ ဧရာဝတီတိုင်းအသင်းက ပွဲစပြီးမကြာမီ ပြည်ထဲရေးအသင်း၏ ပယ်နယ်တီ ဧရိယာအပြင်ဘက်၌ အလွတ်တည်ကန်ဘောရရှိခဲ့သည်။ အဆိုပါ အလွတ်တည်ကန်ဘောကို တိုက်ရိုက်ကန်သွင်းရာ ပြည်ထဲရေးအသင်းမှ ဂိုးသမား လှိုင်ဝင်း ဖမ်းမိသွားခဲ့သည်။

ပထမဂိုး

ဧရာဝတီတိုင်းအသင်းက တစ်ဦးချင်းလူကပ်ကစားရာ ပြည်ထဲရေးအသင်းက အဝေးပေး၊ အမြင့်ဘောများအားပြုကစားခဲ့သည်။ ပြည်ထဲရေးအသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၁၃မိနစ်အကြာတွင် ကွင်းလယ်မှ ချစ်ကိုကိုအနေတော်ထိုးပေးလိုက်သည့် ဘောလုံးကို အလယ်တန်းညာအစွန်လူ နေလင်းထွန်းက ဆွဲထွက်သွားပြီး လူပေးမလိုလိုနှင့် ဂိုးအပေါ်ထောင့်သို့ ကန်သွင်းယူ၍ ဂိုးရရှိခဲ့သည်။

ဧရာဝတီတိုင်းအသင်းကလည်း လူငယ်များပီပီ အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်ဖြင့်ကစားရာ အကြိတ်အနယ်ရှိခဲ့သည်။ ပွဲချိန်မိနစ် ၂၀တွင် ဧရာဝတီတိုင်းအသင်းက ပြည်ထဲရေးဂိုးနှင့် ၁၈ကိုက်ခန့်အကွာမှ အမှတ်တမဲ့ကန်သွင်းရာ ဂိုးဘားတန်းထိပြီး ထွက်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

ဒုတိယဂိုး

ပြည်ထဲရေးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၂၂မိနစ်တွင် အလယ်တန်းလူချစ်ကိုကိုက အလွတ်တည်ကန်ဘောမှတစ်ဆင့် ကန်ပို့ရာ တိုက်စစ်မှူးစည်သူဝင်းက တစ်ချက်ဆွဲယူသွားပြီး ကန်သွင်း၍ ဂိုးရရှိခဲ့သည်။ ဒုတိယဂိုးရရှိပြီးမကြာမီ နေလင်းထွန်း ကန့်လန့်ဖြတ်ချိုးပေးသည့် ဘောလုံးကို စည်သူဝင်းက ဂိုးသမားနှင့် အနီးကပ်ကန်သွင်းရာ ကန်ချက်ပျော့သွား၍ ဧရာဝတီတိုင်း ဂိုးသမား ဖမ်းမိသွားသည်။

ချေပဂိုး

ဧရာဝတီတိုင်းအသင်းက နှစ်ဂိုးအသွင်းခံရသော်လည်း စိတ်ဓာတ်မကျဘဲ ပြန်လည်တိုက်စစ်ဖွင့် ကစားရာ ချေပဂိုးရရှိခဲ့သည်။ ဧရာဝတီတိုင်းအသင်းအတွက် ပထမဂိုးကို ပွဲချိန် ၃၉ မိနစ်တွင် တိုက်စစ်မှူး မိုးသူရက ဂိုးနှင့် အနီးကပ် ကန်သွင်းယူခဲ့သည်။

ပြည်ထဲရေးအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၄၂ မိနစ်တွင် အလယ်တန်းမှ ထိုးပေးသည့်ဘောလုံးကို စည်သူဝင်းက ဂိုးနှင့်အနီးကပ် ကန်သွင်းယူခဲ့သည်။ ပထမပိုင်းအပြီးတွင် ပြည်ထဲရေးအသင်းက သုံးဂိုး-တစ်ဂိုးနှင့် ဦးဆောင်ကစားနေသည်။

လူစားလဲ

ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်းက အမာခံကစားသမားများကို ထုတ်ပြီး လူငယ်၊ လူသစ်များ အတွေ့အကြုံရရှိရေးအတွက် အားကစားသမားခြောက်ဦး လူစားလဲကစားသွားသည်။ ဧရာဝတီတိုင်းအသင်းကလည်း အပြီးသတ် လူစာရင်းဖြတ်နိုင်ရေးအတွက် ဂိုးသမားအပါအဝင် အားကစားသမားခြောက်ဦး လူစားလဲအသုံးပြုခဲ့သည်။ ဒုတိယပိုင်းတွင် ပြည်ထဲရေးအသင်းက ကွင်းလယ်ကစားကွက်ကို အဓိကထားပြီး ပွဲကိုထိန်းကစားသွားသည်။

ဒုတိယချေပဂိုး

ဧရာဝတီတိုင်းအသင်းက လူငယ်အများစုကို အခြေခံဖွဲ့စည်းထားသဖြင့် သက်လုံနှင့် ကစားအားကောင်းမွန်ပြီး ဒုတိယပိုင်းတွင် အတင်းဝင်၊ အတင်းထွက် ကစားခဲ့သည်။ ဧရာဝတီတိုင်းမှ ကစားသမားများ အတွေ့အကြုံနုနယ်ကြပြီး ဘောလုံးအထိန်းအသိမ်းနှင့် အခွင့်အရေးအသုံးချနိုင်မှု အားနည်းနေသည်။ ဧရာဝတီတိုင်းအသင်းအတွက် ဒုတိယချေပဂိုးကို ပွဲချိန် ၈၀မိနစ်တွင် ပြည်ထဲရေးအသင်းဂိုးရှေ့သို့ ကန့်လန့်ဖြတ် အမြောက်တင်ပို့လိုက်သည့် ဘောလုံးကို နောက်တန်းလူများနှင့်ဂိုးသမားတို့ အငိုက်မိနေစဉ်ဒုတိယပိုင်း၌ လူစားဝင်လာသူ ဥက္ကာစိုးက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ပြည်ထဲရေးအသင်းက ဒုတိယဂိုးပေးလိုက်ရပြီးနောက် ဂိုးထပ်မံရရှိရေးအတွက် ကစားလာသော်လည်း ဧရာဝတီတိုင်းနောက်ခံလူများက ကြံ့ကြံ့ခံ ဖျက်ထုတ်နိုင်ခဲ့ပြီး ပွဲချိန်စေ့သွား၍ သုံးဂိုး-နှစ်ဂိုးဖြင့် ကျေနပ်လိုက်ရသည်။

ဆုငွေချီးမြှင့်

ခြေစမ်းဘောလုံးပြိုင်ပွဲအပြီးတွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က အနိုင်ရရှိသွားသော ပြည်ထဲရေးဘောလုံးအသင်းအား ဆုငွေကျပ်တစ်သိန်းငါးသောင်း၊ ဧရာဝတီတိုင်းလက်ရွေးစင်ဘောလုံးအသင်းအား ဆုငွေကျပ်ငါးသောင်း ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးပြောကြား

ခြေစမ်းပွဲအပြီးတွင် နှစ်ဖက်အသင်းမှ နည်းပြဆရာများအား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ ရှေးဦးစွာ ဧရာဝတီတိုင်းအသင်းမှ နည်းပြ ဦးဉာဏ်ဝင်းအောင်အား ခြေစွမ်းပွဲအပေါ် သဘောထား မေးမြန်းရာတွင် "မိမိတို့အသင်းမှ အားကစားသမားများအနေဖြင့် ယခင်က အဆင့်မြင့်တန်းအသင်းများနှင့် ကစားခဲ့ဖူးခြင်းမရှိကြောင်း၊ ပြည်ထဲရေးအသင်းသည် ပြီးခဲ့သည့်အဆင့်မြင့်တန်းကွင်းဖွင့်ဖလားပွဲတွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်ကိုသိထား၍ ပထမပိုင်း၌ တစ်ဖက်အသင်းကိုရှိန်နေပြီး ခြေစွမ်းရှိသလောက် မကစားနိုင်ခဲ့ကြောင်း၊ ဒုတိယပိုင်းတွင် မိမိတို့က ရဲရဲတင်းတင်းကစားရန် မှာကြားမှုကြောင့် ဒုတိယပိုင်း၌ ကစားပုံကောင်းလာကြောင်း၊ အသက်ငယ်ရွယ်သူများဖြစ်၍ ပွဲအတွေ့အကြုံ နည်းကြသေးကြောင်း၊ ပြည်ထဲရေးအသင်းနှင့်ခြေစမ်းရသဖြင့် များစွာအကျိုးရှိပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းအသင်း၏ ကြိုတင်ပြင်ဆင်မှုနှင့်ပံ့ပိုးပေးမှုအပိုင်းကို မေးမြန်းရာတွင် ဦးဉာဏ်ဝင်းအောင်က "မိမိတို့အသင်းကို ဇွန် ၆ရက်မှစတင်၍ စခန်းသွင်း လေ့ကျင့်ခဲ့ကြောင်း၊ ၂၀၀၂-၂၀၀၃ခုနှစ် အသက်(၁၇)နှစ်အောက် ပြည်နယ်နှင့်တိုင်းပြိုင်ပွဲဝင် ဧရာဝတီတိုင်းအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် လူငယ်အသင်းကို အခြေခံ၍ ဖွဲ့စည်းထားကြောင်း၊ ပံ့ပိုးမှုအနေဖြင့် တစ်နေ့လျှင် ကျပ် ၁၅၀၀နှုန်း ကျွေးမွေးပြီး တစ်လလျှင် ကျပ် ၃၀၀၀နှုန်းပံ့ပိုးပေးကြောင်း၊ ဘောလုံးကန်ဖိနပ်သုံးရန်နှင့် ဝတ်စုံနှစ်စုံပေးထားကြောင်း၊ ယခုခြေစမ်းပွဲမတိုင်မီ အနောက်တောင်တိုင်းစစ်ဌာနချုပ် လူကြီးအသင်းနှင့် ခြေစမ်းခဲ့ရာ ပထမပွဲနှစ်ဂိုးစီသရေကျပြီး ဒုတိယပွဲတွင် လေးဂိုး-သုံးဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ခြေသွေးပေး

ဆက်လက်၍ ပြည်ထဲရေးအသင်းနည်းပြ ရဲအုပ်သန်းအေးအား ခြေစမ်းပွဲအပေါ် အမြင်ကို မေးမြန်းရာတွင် "မိမိတို့အနေဖြင့် ဧရာဝတီတိုင်းအသင်း ပြိုင်ပွဲအတွေ့အကြုံရရှိရေးအတွက် လာရောက် ခြေသွေးပေးခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မြင့်တန်း အသင်းတစ်သင်းနှင့် လျော်ညီစွာ ကစားပြနိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းအသင်းသည် လူငယ်များပီပီ ကစားအားကောင်းမွန်ပါကြောင်း၊ ဘောလုံးအခြေခံပိုင်းနှင့် ပတ်သက်၍ လိုအပ်ချက်များရှိသော်လည်း အလားအလာကောင်းမွန်သူများကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ပထမပိုင်း၌ အမာခံကစားသမားများကို ပွဲထုတ်ပြီး တိုက်စစ်ဖွင့် ကစားခဲ့၍ ဦးဆောင်ဂိုးများရရှိခဲ့ကြောင်း၊ ဒုတိယပိုင်း၌ လူငယ်လူသစ်များကို အတွေ့အကြုံရရှိရေးအတွက် လူစားလဲခဲ့၍ ဂိုးရသင့်သလောက် မရခဲ့ကြောင်း၊ ဧရာဝတီတိုင်းအသင်းကြိုးစားမှုနှင့် မိမိတို့နောက်တန်း၏ အမှားကြောင့် ဒုတိယဂိုးပေးခဲ့ရကြောင်း၊ မိမိတို့အသင်းမှ နောင်ကစားမည့်ပြိုင်ပွဲများအတွက် ရည်ရွယ်၍ ခေါ်ယူထားသည့် လူငယ်များကို ပွဲထုတ်ခွင့်ရရှိ၍ လာရောက်ခြေစမ်းရကျိုးနပ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ဧရာဝတီတိုင်းအသင်း

ပြည်ထဲရေးအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည့် ဧရာဝတီတိုင်း လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူ ဗိုလ်မှူးအောင်မျိုးထူး၊ နည်းပြဦးဉာဏ်ဝင်းနှင့် အားကစားသမားများအဖြစ် ဇေယျာလှိုင်(ဂိုး)၊ ကျော်စွာဖြိုး(ဂိုး)၊ အောင်ဘိုဘိုထွန်း၊ အောင်ကိုကိုထွန်း၊ ရဲဝင်းနိုင်၊ ကျော်သူရ၊ ဇော်လင်းဌေး၊ ဇာနည်လင်း၊ သန်းဦး၊ ယဉ်ထွေး၊ မျိုးသူရ၊ ကျော်မင်းဦး၊ အောင်မျိုးသူ၊ ပြည့်ဟိန်းထွန်း၊ အောင်ခိုင်ဝင်း၊ စိုးကျော်သူ၊ ကိုကိုနှင့် ဥက္ကာစိုးတို့ ပါဝင်ကြသည်။

ပြည်ထဲရေးအသင်း

ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၏ ဖိတ်ကြားချက်အရ ဧရာဝတီတိုင်းအသင်းနှင့် ခြေစမ်းပွဲ သွားရောက်ယှဉ်ပြိုင်ကစားခဲ့သော ပြည်ထဲရေး ဘောလုံးအသင်းတွင် အုပ်ချုပ်သူ ဒုတိယရဲမှူးကြီးခင်ထွန်း၊ နည်းပြ ရဲအုပ်သန်းအေး၊ အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး ဦးထွန်းထွန်းနှင့် အားကစားသမားများအဖြစ် လှိုင်ဝင်း (ဂိုး)၊ စိုးသူရဝင်း(ဂိုး)၊ မြင့်ဇော်၊ အောင်မိုးသူ၊ ဝေဖြိုးထက်၊ မျိုးဝင်းအောင်၊ ခင်မောင်လွင်၊ ချစ်ကိုကို၊ ဝင်းထိုက်၊ နေလင်းထွန်း၊ စည်သူဝင်း၊ တင်ဇော်သန်း၊ နေသူလှိုင်၊ စောဂျယ်လင်း၊ ဇော်ဇော်အောင်၊ ဇော်ကိုကိုဦး၊ သန့်ဇင်မင်း၊ စန်းလွင်၊ သူရကျော်နှင့် လှမျိုးမြင့်တို့ ပါဝင်ခဲ့ကြသည်။ ။ **(မြန်မာ့အလင်း)**

ပြည်ထဲရေးအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ခြေစမ်းပွဲ မစတင်မီ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပြည်ထဲရေးအသင်းမှ အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်စဉ်။ (မြန်မာ့အလင်း)

ငါးသားပေါက်များဝယ်ယူမွေးမြူနိုင်

(က) ရရှိနိုင်သောငါးသားပေါက်အမျိုးအစားများ

ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးသိုင်းခေါင်းပွ၊ တီလားဗီးယား၊ ငါးတန်၊ ရွှေနီ၊ ငါးကြင်းဖြူ၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ မြက်စားငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးဖန်းမ၊ ရေချိုငါးမုတ်၊ ငါးခုံးမကြီး၊ မျိုးစပ်ငါးခူ စသည့် ငါးသားပေါက်များကို ၂၀၀၄ ခုနှစ် ဇူလိုင်လမှစတင်၍ အောက်ဖော်ပြပါ ငါးလုပ်ငန်းစခန်းများတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

(ခ) ငါးသားပေါက်ရရှိနိုင်မည့်စခန်းနှင့်တည်နေရာ

စဉ်	စခန်းအမည်	ဆက်သွယ်ရန်လိပ်စာ
၁။	လှော်ကား	ဦးစံလွင်(လ/ထညွှန်ကြားရေးမှူး) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၁-၆၃၅၁၉၆၊ ၆၃၅၇၂၇
၂။	တွံတေး	ဦးစိန်ထွန်း(ဦးစီးအရာရှိ)တွံတေးမြို့၊ ရန်ကုန်တိုင်း။ ဖုန်း-၀၄၅-၅၀၅၀၅
၃။	လေးဒေါင့်ကန်	ဒေါ်သင်းသင်းဦး(ဒု-ဦးစီးမှူး) သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၇၀၈၅၁၉
၄။	ပဲခူး	ဦးကျော်စိုး(ဦးစီးအရာရှိ) ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။ ဖုန်း-၀၅၂-၂၃၇၀၂
၅။	သနပ်ပင်	ဦးအုန်းသန်း(ဦးစီးအရာရှိ) သနပ်ပင်မြို့၊ ပဲခူးတိုင်း။
၆။	အုတ်ဖို	ဒေါ်မိုးသူဇာမောင်(ဦးစီးအရာရှိ) အေးသာယာ၊ အုတ်ဖိုမြို့၊ ပဲခူးတိုင်း။ ဖုန်း-၀၅၃-၃၀၃၀၅၊ လိုင်းခွဲ(၁၂)
၇။	သရက်ကုန်း	ဦးလှတင်(ဦးစီးအရာရှိ) ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။ ဖုန်း-၀၂-၃၀၁၂၉
၈။	မြစ်သား(ကူမဲ)	ဦးအောင်အောင်(ဦးစီးအရာရှိ) ကူမဲမြို့နယ်၊ မန္တလေးတိုင်း။
၉။	နတ်ရေကန်	ဦးတင်မောင်ကြည်(လ/ထညွှန်ကြားရေးမှူး)၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။ ဖုန်း-၀၂-၅၃၅၈၂
၁၀။	ပျဉ်းမနား	ဦးမောင်ချစ်(ဦးစီးအရာရှိ) ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။
၁၁။	ရေနံ့သာ	ဒေါ်တင်တင်စန်း(ဦးစီးအရာရှိ) မတ္တရာမြို့၊ မန္တလေးတိုင်း။
၁၂။	ရေဦး	ဦးစိုးပိုင်(ဒု-ဦးစီးမှူး) ရေဦးမြို့၊ စစ်ကိုင်းတိုင်း။ ဖုန်း-၀၇၅-၄၀၄၆၀
၁၃။	ရွှေဘို	ဦးထွန်းထွန်းဦး(ဦးစီးအရာရှိ) ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၁၄။	ဝိုင်းမော်	ဦးမျိုးနိုင်(ဦးစီးအရာရှိ) ဝိုင်းမော်မြို့၊ ကချင်ပြည်နယ်။
၁၅။	ဗန်းမော်	ဒေါ်ညွန့်မေ(ဦးစီးအရာရှိ) ဗန်းမော်မြို့၊ ကချင်ပြည်နယ်။
၁၆။	တောင်တွင်းကြီး	ဦးစိုးလှိုင်မြင့်(ဒု-ဦးစီးမှူး) တောင်တွင်းကြီးမြို့၊ မကွေးတိုင်း။
၁၇။	ပုသိမ်	ဦးရဲထွန်းနိုင်(ဒု-ဦးစီးမှူး) ပုသိမ်မြို့၊ ဧရာဝတီတိုင်း။ ဖုန်း-၀၄၂-၂၄၂၅၈
၁၈။	တလုပ်လှ	ဦးမြင့်မောင်(ဦးစီးအရာရှိ) တလုပ်လှကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။
၁၉။	ပန်းတနော်	ဦးတင်လှ(ဦးစီးအရာရှိ) ပသွယ်ကျေးရွာ၊ ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်း။
၂၀။	အောင်ဟိတ်	ဦးမြင့်ဦး(ဒု-ဦးစီးမှူး) အောင်ဟိတ်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။
၂၁။	ဟင်္သာတ	ဦးကျော်ထွန်း(ဦးစီးအရာရှိ) ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။ ဖုန်း-၀၄၄-၂၁၂၇၀
၂၂။	လားရှိုး	ဦးလှဌေး(ဦးစီးအရာရှိ) လားရှိုးမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၂၃။	ညောင်ရွှေ	ဦးခင်မောင်အေး(ဦးစီးအရာရှိ) ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။
၂၄။	သထုံ	ဦးမြသိန်း(ဒု-ဦးစီးမှူး) သထုံမြို့၊ မွန်ပြည်နယ်။

အထက်ဖော်ပြပါစခန်းများနှင့် အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)၊ မွေးမြူရေးဌာနခွဲ ဖုန်းနံပါတ်-၂၁၁၃၈၂ သို့လည်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

သုံးခွမြို့နယ် ပြန်/ ဆက် မြေစိုက်နံ့ရံကပ် စာစောင်ဘုတ်အသစ်ဖွင့်

သုံးခွ ဇူလိုင် ၁၅

ရန်ကုန်(တောင်ပိုင်းခရိုင်) သုံးခွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြေစိုက်နံ့ရံကပ်စာစောင် ဘုတ်အသစ်ဖွင့်ပွဲကို ဇူလိုင် ၉ရက်က ရှစ်မျက်နှာဘုရားရှေ့ ဈေးကန်ထိပ်တွင် ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပန်းတနော်မြို့နယ် ဒေါင့်ကြီးရွာ အထက်တန်းကျောင်း ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကျင်းပ

ပန်းတနော် ဇူလိုင် ၁၃

ပန်းတနော်မြို့နယ် ဒေါင့်ကြီးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ်(အလျား ပေ ၃၃၀၊ အနံပေ ၇၀) ပန္နက်တင်အခမ်းအနားကိုမရမ်းတောကျေးရွာ၌ ဇူလိုင် ၁၀ ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာသာမိနှင့် ပင့်သံဃာ ၁၄ပါး ကြွရောက်ကြပြီး မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ အဖွဲ့ဝင်(၂) ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စံမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ကျောင်းအုပ်ဆရာကြီး ဦးထွေးကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဦးမောင်မောင်သန်း၊ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလ ခံယူကြပြီး သံဃာတော်များက ပန္နက်တင်မည့်နေရာ၌ ကမ္မဝါဖတ်ကြသည်။

ထို့နောက် မအူပင်ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ပန္နက်တင်မည့်နေရာ၌ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပန္နက်တင်ပေးကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ)(က-ပ)

ပျဉ်းမနားအထက(၂) ရွှေရတုကျင်းပမည်

ပျဉ်းမနား ဇူလိုင် ၂၀

ပျဉ်းမနားမြို့ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၂)၏ နှစ် (၅၀)ပြည့် ရွှေရတုအခမ်းအနားကို ဒီဇင်ဘာလတွင် ကျင်းပနိုင်ရေးအတွက် စတုတ္ထအကြိမ်ညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၇ရက်က ကျင်းပရာ အစည်းအဝေး၌ ရွှေရတုအထိမ်းအမှတ်အဖြစ် မူလယိုယွင်းနေသော နှစ်ထပ်ကျောင်းဆောင်အစား ကျပ်သိန်း ၁၀၀၀ ကျော် ကုန်ကျမည့် သုံးထပ် ကျောင်းဆောင်အဆောက်အအုံကို ဆောက်လုပ်ရန် ဆွေးနွေးဆုံးဖြတ်ကြသည်။

သုံးထပ်ကျောင်းဆောင်အဆောက်အအုံဆောက်လုပ်ရန် ကုန်ကျငွေ၏ တစ်ဝက်ဖြစ်သည့် ကျပ်သိန်း ၅၀၀ ကို ဦးစိုးတင့် (စိုးလျှပ်စစ်) ရန်ကုန်က ထည့်ဝင် လှူဒါန်းမည်ဖြစ်ပြီး အဝေးရောက်ဆရာ ဆရာမ၊ ကျောင်းသားဟောင်းများ ဆက်သွယ် လှူဒါန်းလိုပါက ရန်ကုန်မြို့ ဦးစိုးတင့် ဖုန်း-၅၄၆၀၆၀၊ ၅၄၆၁၀၀၊ ဦးတင်လှိုင်ထွေး ဖုန်း-၃၇၅၄၉၃ နှင့် ပျဉ်းမနားမြို့ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ငွေးဇင် ဖုန်း-၂၂၁၃၃၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းဟန် ဖုန်း-၂၂၀၄၈၊ ၂၂၄၃၄ တို့သို့ ဆက်သွယ်ရန်နှင့် ရွှေရတုမဂ္ဂဇင်းအတွက် စာမူများကို ကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီးထံသို့ ပေးပို့နိုင်ကြောင်း သိရသည်။

(၁၀၁)

ရွှေဘို၌မျိုးဆက်ပွားကျန်းမာရေးဆင့်ပွားသင်တန်းဖွင့် သင်တန်းရည်ရွယ်ချက်များရှင်းလင်းပြောကြား

ရွှေဘို ဇူလိုင် ၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး၍ ကမ္ဘာ့ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ဂျပန်နိုင်ငံ JOICFP အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပြီး ရွှေဘိုမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မျိုးဆက်ပွားကျန်းမာရေးစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၇ရက်က ရန်ကြီးအောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက အနောက်မြောက်ပိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၏ဇနီး ဒေါ်ဝေဝေခိုင်က အမှာစကားပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကြံပေးအရာရှိ ရွှေဘိုခရိုင်ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကြသည်။ **(ခရိုင်ပြန်/ဆက်)**

ဇူလိုင် ၁၅ရက်က ပြည်ခရိုင် ပေါင်းတည်မြို့နယ် ချို့တဲ့ ကျောင်းသား ကျောင်းသူများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ပေါင်းတည်မြို့ အထက ပညာရတနာခန်းမတွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှကြိုင်က ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်စဉ်။ (က-ပ)

ဇွန် ၁၀ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့မှတိုင်းညွှန်ကြားရေးမှူးဦးအုန်းသွင်နှင့် အဖွဲ့ဝင်များ လပွတ္တာမြို့ ကမ်းနားလမ်းရှိ ဒေါ်ကြင်ကြူတံတားကို ကွင်းဆင်းစစ်ဆေးရာမြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းပြသကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့ ထွေ/ အုပ်ဦးစီး ပညာသင်ထောက်ပံ့ကြေးပေး

ပခုက္ကူ ဇူလိုင် ၅

ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၄ခုနှစ် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၂၄ ရက်က ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကျော်က အမှာစကား ပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီး ၄၈ဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေများကို မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ဥမ္မာအောင်က ပေးအပ်ရာ ဝန်ထမ်း များ ကိုယ်စား မိဘတစ်ဦးက လက်ခံပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ **(၄၁၃)**

ဒိုက်ဦးမြို့နယ် စက်မှုလယ်ယာ ဦးစီးဌာန၏ မိုးစပါးစိုက်ပျိုးပွဲကို ဇူလိုင် ၁၈ ရက်က ပေါက်တပင် ကျေးရွာ စက်မှုလယ်ယာရေ့တန်းစခန်းအမှတ်(၁)၌ ကျင်းပရာမြို့နယ်ဦးစီးမှူး ဦးနိုင်မင်းသူနှင့်စက်မှုလယ်ယာဝန်ထမ်း များက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် လယ်ယာဦးကြီးများ တက်ရောက် ကြည့်ရှုအားပေးစဉ်။ (က-ပ)

ရွှေတောင်မြို့နယ်သာယာလှပရေးစုပေါင်းဆောင်ရွက်

ရွှေတောင် ဇူလိုင် ၁၁

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက အပတ်စဉ်ဆောင်ရွက်ကြရာ ဇူလိုင် ၃ ရက်က မြို့တွင်းလမ်းဘေးဝဲယာတွင် ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် လမ်းဘေးရေနုတ်မြောင်းများသန့်ရှင်းခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူစွန့်ပစ်ခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။ မြို့သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း စည်ပင်သာယာအဖွဲ့ ဝန်ထမ်းများအားလုံးက စုပေါင်းဆောင်ရွက်ကြပြီး ဇူလိုင် ၁၀ ရက် နံနက်က ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ရွှေတောင်မြို့အဝင်မုခ်ဦး၊ ပန်းဥယျာဉ်သန့်ရှင်းရေးနှင့် ပေါင်းမြက်များရှင်းလင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)** **(၁၁၆)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုး

ဖားကန့် ဇူလိုင် ၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ရက် နံနက် ၇နာရီက ဖားကန့်မြို့ မော်ဝမ်းရပ်ကွက် အဝင်လမ်းဘေး ဝဲယာနှင့် လုံးခင်းကျေးရွာရပ်ကွက် (၅)အဝင် လမ်းဘေး ဝဲယာတို့တွင် တစ်ပြိုင်တည်း ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပျဉ်းကတိုး၊ သစ်ဆိမ့်၊ ဗာဒံ၊ စွယ်တော်၊ ကျွန်း၊ စိန်ပန်းပု၊ မဲဇလီ၊ အသောက၊ ခရာဝါ၊ ကုက္ကိုနှင့် ကံ့ကော်စသည့် ပျိုးပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ **(က-ပ)**

ခြင် ခြင်တွေ အဝေးကိုပြေးဖို့ မားစ်ပါဝါသုံးကြစို့

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၇/၆၃၉ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

မနီလာရီ ၁၂/ကမတ(နိုင်)၀၀၀၉၅၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၆-၃-၂၀၀၃ ရက် ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၆၃၉၊(ဦးကြင်ဝမ်)အမည်ပေါက် ပါမစ်မြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပါသည်။

မနီလာရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးလွင်(မိုးဟိန်းကျော်)
LL.B (ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေ
၂၃၊ တရုတ်ကျောင်းလမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အေးဆောင်၏ PP စာအုပ်နံပါတ် 470376 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပါရန်။

မောင်အေးဆောင် အမှတ် ၆၃ ပ/ယာ၊
ဘိုကလေးဈေးလမ်း၊ဗိုလ်တထောင်မြို့နယ်၊
ဖုန်း-၂၂၃၇၅၃။

ဖခင်အမည်မှန်

အထက (၁) မ/ဥက္ကလာ နဝမတန်း(D)မှ မောင်အောင်ကျော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြင့်ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender) များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T) 14/MR(ML) 2004-2005	Roller Bearing With Sleeve (SKF 23222 CCK) (C3-W33) Sleeve Pattern No. AHX 3222/100(or) Equivalent	700-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၁၁-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) (၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၁၁-၈-၂၀၀၄(ဗုဒ္ဓဟူးနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၁-၇-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၃၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊၆၀၅၊၆၁၂။

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။ အရောင်းတာဝန်ခံ(မန်နေဂျာ) (ကျား/မ) ၃ ဦး
ဘွဲ့ရ၊လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။
၂။ အရောင်းစာရေး (မ) ၃ ဦး
၁၀ တန်းအောင်

စိတ်ဝင်စားသူများသည် ကိုယ်တိုင်ရေး ကိုယ်ရေးရာဇဝင်၊ မကြာမီက ရိုက်ထားသော ပတ်စပို့ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ အောက်ပါလိပ်စာအတိုင်း ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

၉၇/B၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်
လျှောက်လွှာလက်ခံချိန် -နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းသာ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၈၅

ဦးလှမြင့် အမှတ် ၈၂၊ ၂၇ လမ်း ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့	နှင့်	၁။ ဒေါ်အေးအေးလှ၊ ၂။ ဒေါ်စန်းစန်းလှ အမှတ်-၈၄၊ အပေါ်ဆုံးထပ် ကုန်ဈေးတန်း၊ ပန်းဘဲတန်းမြို့နယ် ၃။ ဦးစိုးလှ၊ ၄။ ဦးမျိုးလှ၊ ၅။ ဒေါ်ငွေငွေလှ၊ ၆။ ဒေါ်ဝင်းဝင်းလှ၊ ၇။ ဒေါ်သင်းသင်းလှ၊ ၈။ ဒေါ်နှင်းနှင်းလှ၊ ၉။ ဒေါ်မင်းမင်းလှ၊ အမှတ် ၃၉၊ ၁၄၇ လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်
တရားလို		**တရားပြိုင်များ**

အထက်ပါ အမှုမှ အမှတ်-၃၉၊ ၁၄၇လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်စန်းစန်းလှ (ခ) ဒေါ်ခင်စန်းလှ၊ ဦးမျိုးလှ၊ ဒေါ်ငွေငွေလှ၊ ဒေါ်ဝင်းဝင်းလှ (ခ) ပန်းအိဖြူ၊ ဒေါ်သင်းသင်းလှ၊ ဒေါ်နှင်းနှင်းလှ၊ ဒေါ်မင်းမင်းလှ (ယခုနေရပ်လိပ်စာမသိသူတို့)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးလှမြင့်က အရောင်းအဝယ်ကတိစာချုပ်ပါ ပဋိညာဉ်သဘောတူ စည်းကမ်းချက်အတိုင်း တရားပြိုင်များအားပေးခဲ့သည့် စရန်ငွေကျပ် ၃၁၀၀၀၀၀ (ကျပ်သုံးဆယ့် တစ်သိန်းတိတိ)၏ သုံးဆဖြစ်သည့် ၉၃၀၀၀၀၀ (ကျပ်ကိုးဆယ့်သုံးသိန်းတိတိ)ရလိုမှု လျှောက်ထား စွဲဆိုချက်များ ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဩဂုတ်လ ၆ရက် (၁၃၆၆ခု ဒုတိယဝါဆိုလဆုတ် ၆ရက်) နံနက် ၁၀း၀၀ နာရီအချိန်တွင် တရားလို၏ စွဲချက်များကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက် ဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူတစ်ပါတည်း ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာများ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဇူလိုင်လ ၁၃ရက်နေ့တွင် ဤရုံးတော်တွင် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)၊ ရန်ကုန်တိုင်းတရားရုံး။

အိမ်မြင့်မိုရ်ကုမ္ပဏီလီမိတက်
ရုံးခန်းပြောင်းရွှေ့ခြင်း

အမှတ် ၁၁၇/၁၂၇ (G-၃)
၃၃ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၈၀-၂၀၅၈၀၊ ၀၉-၈၀-၂၃၉၉၁။

ကမ္ဘာ တစ်လွှား အား က စား

ပရီမီယာလိဂ်ချန်ပီယံအာဆင်နယ်အသင်း ချန်ပီယံသရေပူကာကွယ်ရေး အားကစားသမားဖြည့်တင်းမည်

လန်ဒန် ဇူလိုင် ၂၁

အင်္ဂလိပ်ပရီမီယာလိဂ်ချန်ပီယံ အာဆင်နယ်အသင်းသည် ယခုနှစ် ဘောလုံးရာသီမတိုင်မီ ဘောလုံးသမားတစ်ဦး သို့မဟုတ် နှစ်ဦး ခေါ်ယူမည်ဖြစ်ကြောင်း အသင်းမန်နေဂျာ အာဆင်ဝင်းဂါးက တနင်္လာနေ့က ပြောကြားသည်။ အာဆင်နယ်အသင်းသည် ဒတ်ချ်ဘောလုံးအသင်းမှ ဝင်းဂါးရိုဗင်ဗန်ပါဆိုင်းနှင့် စပိန်ဂိုးသမားမန်နျူရယ်တို့ကို စာချုပ်ထားပြီးဖြစ်ကြောင်း ဝင်းဂါးက ၎င်း၏ ဝက်ဘ်ဆိုက်၌ ပြောကြားသည်။

ပြောကြား

အာဆင်နယ်အသင်းအတွက် ယခုနှစ်ဘောလုံးရာသီတွင် ဘောလုံးသမားတစ်ဦး သို့မဟုတ် နှစ်ဦးခေါ်ယူမည်ဖြစ်ကြောင်း၊ မည်သည့်အသင်းကခေါ်ယူမည်ကိုမသိသေးကြောင်း၊ မကြာမီခေါ်ယူမည်ဖြစ်ကြောင်း၊ ယခုနှစ် ဘောလုံးရာသီ မစတင်မီ ကစားသမားတစ်ဦးလာရောက်ဆက်သွယ်လိမ့်မည်ဖြစ်ကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။

အဲဗာတန်အသင်းနှင့် ကစားမည်

အာဆင်နယ်အသင်းသည် ၎င်း၏ ပရီမီယာလိဂ်ဖလားကို ကာကွယ်ရန် ဩဂုတ်၁၅ရက်တွင် ဂွတ်ဒီဆွန်ပတ်ခ်၌ အဲဗာတန်အသင်းနှင့် ပွဲဦးထွက်ကစားရမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

ကမ္ဘာ့မီတာ ၄၀၀ အပြေး ချန်ပီယံဟောင်း ရွှေတံဆိပ်ဆီသို့ ခြေဦးမလှည့်တော့ဟုဆို

ဆာခရာမင်တို (ကယ်လီဖိုးနီးယား) ဇူလိုင် ၂၀

ကမ္ဘာ့မီတာ ၄၀၀ အပြေးချန်ပီယံ အင်တိုယိုပက်တီဂရူးသည် အေသင် အိုလံပစ် ရွှေတံဆိပ်ဆီသို့ ပြန်လာရန် ငြင်းဆိုလိုက်ကြောင်း စနေနေ့က ပြောကြားသည်။

၎င်းသည် ၂၀၀၀ ပြည့်နှစ် ဆစ်ဒနီ အိုလံပစ်ပြိုင်ပွဲ၌ မီတာ ၄၀၀ လေးယောက်တွဲလက်ဆင့်ကမ်းပြေးပွဲတွင် အနိုင်ရရှိခဲ့သူဖြစ်သည်။

နိုင်ငံတကာ အားကစားအဖွဲ့ချုပ် (အိုင်အေအေအက်ဖ်)က ယခင်နှစ်က ဆေးမအောင်ခဲ့သော ကမ္ဘာ့ချန်ပီယံ ဂျာရီမီယမ်း ပါဝင်သော အသင်းကို အမေရိကန်တို့၏ စစ်ဆေးမှုရလဒ်ကြောင့် ဖျက်သိမ်းခြင်းခံရသည်။

နိုင်ငံတကာ အိုလံပစ်ကောင်စီ (အိုင်အိုစီ)သည် အိုလံပစ်ချန်ပီယံ ငါးကြိမ်ဖြစ်ခဲ့သော မိုက်ကယ်ဂျွန်ဆင်နှင့်အဖွဲ့ကိုရွှေတံဆိပ်များဆီသို့ ပြန်လာရေးကိစ္စကို မေးမြန်းရန်ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။

မိမိအနေဖြင့် ရွှေတံဆိပ်များဆီသို့ ဘယ်တော့မှ ပြန်မသွားဟု မြောက်ကာရိုလိုင်းနားရှိ နေအိမ်မှ ဖုန်းဖြင့် မေးမြန်းရာတွင်ပက်တီဂရူးကရိုက်တာကို ပြောကြားသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်က ကမ္ဘာ့အပြေးချန်ပီယံ ဖြစ်ခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

စီးရီးအေတွင် လာဇီယိုအသင်း ပါဝင်ယှဉ်ပြိုင်ကစားရန် သေချာပြီ

မီလန် ဇူလိုင် ၂၀

ရောမမြို့သား စီးပွားရေးသမား ကလော်ဒီယို လော့တီတိုက လာဇီယိုကလပ်တွင် ယူရို ၂၁ သန်း ရင်းနှီးမြှုပ်နှံခဲ့ပြီးနောက် လာမည့် ဘောလုံးရာသီ စီးရီးအေတွင် လာဇီယိုအသင်းပါဝင်ယှဉ်ပြိုင်ကစားရေးသည် လုံးဝနီးပါး သေချာသွားပြီဖြစ်ကြောင်း ၎င်းသတင်းရပ်ကွက်က ပြောသည်။

လာဇီယိုသည် စတော့ဈေးကွက်တွင် စာရင်းဝင်ထားသည့် အီတလီကလပ်အသင်းသုံးသင်းမှတစ်သင်းဖြစ်သည်။ ၎င်းအသင်းသည် ပိုင်ရှင်ဟောင်းလက်ထက်ကတည်းက ငွေကြေးအခက်အခဲများကို ရင်ဆိုင်ခဲ့ရသည်။ အီတလီဘောလုံးကလပ်များသည် လိဂ်ချန်ပီယံတွင် မှတ်ပုံတင်ရန် ငွေကြေး အာမခံချက်များပြုလုပ်ထားရသည်။ လာဇီယိုအသင်းသည်လာမည့်ရာသီအတွက် စီးရီးအေတွင် မှတ်ပုံတင်ထားသည်။

လာဇီယိုသည် ပြီးခဲ့သောဘောလုံးရာသီက အီတလီဖလားကိုဆွတ်ခူးခဲ့ပြီး ယူအီးအက်ဖ်အေဖလားကို ရရှိရန် အဆင့်ခြောက်၌သာ ရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မန်ယူတိုက်စစ်မှူးဟောင်းအင်ဒီကိုးလ် နှစ်နှစ်စာချုပ်ဖြင့် ဖူဟာမ်းတွင် ကစားမည်

လန်ဒန် ဇူလိုင် ၂၀

မန်ယူတိုက်စစ်မှူးဟောင်း အင်ဒီကိုးလ် **(ဝဲပုံ)**သည်ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သော ဘလက်ဘန်းရိုဗာအသင်းမှ ပြိုင်ဘက်ဖူဟာမ်းအသင်းသို့ ရွှေ့ပြောင်း စရိတ်မပါဘဲ ပြောင်းရွှေ့ ကစားမည်ဖြစ်ကြောင်း သိရသည်။

ဖူဟာမ်းအသင်းသည် ဆဲလ်တစ်အသင်းကို ချစ်ကြည်ရေးကစားရာမှ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဖူဟာမ်းအသင်းမန်နေဂျာ ခရစ်ကိုးလ်မင်းက အဆိုပါ ပြောင်းရွှေ့မှုကို အတည်ပြုပြောကြားခဲ့သည်။

ကိုးလ်သည် ၁၉၉၉ခုနှစ်က မန်ချက်စတာအသင်းတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကစားခဲ့ရာ ချန်ပီယံလိဂ်၊ လိဂ်ချန်ပီယံရှစ်နှင့် အက်ဖ်အေဖလားများရရှိခဲ့သည်။ ၎င်းသည် နှစ်နှစ်စာချုပ်ဖြင့် ဖူဟာမ်းအသင်း၌ ကစားမည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဆေးပဒ္ဒာန်းပူဇော်ပွဲ နှိုးဆော်စာ

မွန်ပြည်နယ် မော်လမြိုင်မြို့၏ ကျက်သရေဆောင် ဆံတော်ရှင် ကျိုက်သုတ် စေတီတော်မြတ်ကြီးနှင့် မွန်ရိုးရာ အစဉ်အလာမပျက် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်မှစ၍ ဆေးပဒ္ဒာန်းပူဇော်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုနှစ်ဆေးပဒ္ဒာန်းပူဇော်ပွဲကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းပေါင်း (၁၀၈) ကျောင်းကို လာမည့် ၁၃၆၆ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၁၃-၈-၂၀၀၄ မွန်းတည့် (၁၂) နာရီတွင် ကျိုက်သုတ်စေတီတော်မွေ့ရာ၌ သံဃာတော်များ၏ ကျန်းမာရေးအတွက် တိုင်းရင်းဆေးများ၊ နိုင်ငံခြားဆေးများဖြင့် **"အာယုဒါန ဆေးအလှူတော်မင်္ဂလာ ဆေးပဒ္ဒာန်းပူဇော်ပွဲကြီး"** ကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရပ်နီးရပ်ဝေးမှ စေတနာရှင်၊ ပါရမီရှင်များသည် ဆေးနှင့်အလှူငွေများကို သဒ္ဓါတရားထက်သန်စွာ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ငါဘုရားကို ချစ်ကြည်ညိုမှု၊ ငါ့အတူညီမျှ ဂိလာနကို မေတ္တာပို့၍၊ ဂိုသေလေးမြတ် လုပ်ကျွေးအပ်၏

ဆက်သွယ်လှူဒါန်းနိုင်သော လိပ်စာများ–

ရန်ကုန်မြို့ ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့၊ မော်လမြိုင်မြို့။

၁။ မော်လမြိုင်အသင်း (ရန်ကုန်) ဖုန်း–၀၅၇–၂၄၆၈၀
ရွှေတိဂုံအနောက်ဘက်စောင်းတန်း ဖုန်း–၀၅၇–၂၁၇၁၆
အောက်ပစ္စယာ၊ ရန်ကုန်မြို့၊ ၀၁–၂၅၆၁၅၇။ ဖုန်း–၀၅၇–၂၂၇၁၆

၂။ ဦးစိုးဝင်း
အမှတ် (၁၇)၊ အင်းဝလမ်း၊
(ဘယ်ဘက် ဒုတိယထပ်)
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

မခင်မိုးမိုးနှင့် အများသိစေရန်

ကျွန်တော်၏ဇနီးဖြစ်သူ မခင်မိုးမိုး ၇/ကတခ (နိုင်) ၀၈၀၁၈၄သည် ၎င်း၏ ဆန္ဒအလျောက် ၁၆–၇–၂၀၀၄ရက်နေ့တွင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူပါကြောင်း အများသိစေအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ခင်မောင်ထွန်း(၁၃/ကလန(နိုင်) ၀၂၅၇၇၃)
ပါဆတ်ကျေးရွာ၊ တာချီလိတ်မြို့နယ်။

TV
T.V. Video Monitor
Golden Hope Int'l Ltd.

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ဒ/၄၁၁၉ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူ ပျောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

ဘုရားအမ၊ ရဟန်းအမကြီး ဒေါ်အမာ (သက်န်းပရိက္ခရာကုန်သည်) ရမည်းသင်းမြို့ အသက်(၇၇)နှစ်

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ် (ဦးဘိုနီ)သက်န်းပရိက္ခရာ၏ ဇနီး၊ (ဦးတင်လှ)– ဒေါ်တင်တင်မူ၊ ဦးစံသိန်း–ဒေါ်ကြူကြူဆွေ၊ ဒေါ်မုန်း၊ ဦးမြင့်ဆွေ–ဒေါ်အေးအေးသိန်း၊ ဦးအောင်ကျော်ဦး–ဒေါ်သန်းသန်းစိုး၊ ဦးသန်းအေး(ဒဂုံတောင်–မြန်မာ့သစ်လုပ်ငန်း)–ဒေါ်အေးအေးခိုင်၊ ဦးလှမင်း၊ ဦးဇော်ဝင်း–ဒေါ်နီလာဝင်း၊ ဦးအောင်ကျော်စိုး–ဒေါ်အေးမိုး၊ မခင်ဇော်လင်းတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၁၂–၇–၂၀၀၄ ရက်တွင် ကွယ်လွန်၍ ၁၄–၇–၂၀၀၄ ရက်တွင် ရမည်းသင်းမြို့ သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားအကြောင်းကြားပါသည်။ **ကျန်ရစ်သူမိသားစု။**

ဦးအင်းစွန်(ခ) ဦးအောင်ကြည် အသက်(၈၁)နှစ်

ပုသိမ်မြို့၊ ငှက်ပျောတန်းလမ်း၊ အမှတ် ၁၀/က နေ (ဦးစိန်ကား–ဒေါ်စိန်မေ)တို့၏သားကြီး၊ ဒေါ်ကျင်ငွေ၏ ခင်ပွန်း၊ (ဒေါ်ကျင်စော)၏မောင်၊ (ဦးထွန်းဝေ)–ဒေါ်အမာကြည်၊ ဦးစိုးမြင့်၊ ဦးအေးနိုင်၊ (ဒေါ်ခင်မိမိခင်) တို့၏ အစ်ကိုကြီး၊ မလှလှသန်း၊ မောင်မောင်နိုင်၊ (မခင်ခင်သန်း)၊ မောင်တင်မောင်သန်း–မလှလှအေး၊ မောင်မောင်ပိုင်–မဆွေဇင်ဝင်း၊ မလှလှထွေး၊ မောင်ဝင်းကျော်–မဖြူဖြူဝင်း၊ မောင်ဝင်းအောင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၂၇–၆–၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၆–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သစ်ညိုကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

မခင်ကြည်သာစိုး အမက (၁၃)တာမွေ အသက်(၇)နှစ်

ရန်ကုန်မြို့ ဖျိုင်းရွာမရပ်ကွက် အမှတ် ၁၈ ဗဟိုရိလမ်း တာမွေမြို့နယ်နေ ဒေါ်စန္ဒာမြင့် (ဒေါ်နွဲ့)၊ ဦးလှမြင့်–ဒေါ်နီနီတို့၏မြေး၊ ကိုသွင်ထွန်းဦး–(သော်တာစိုး)–မလွင်လွင်မာတို့၏ တစ်ဦးတည်းသော သမီးငယ် မကေခိုင်စိုး၏တူမ၊ မောင်ဆန်းလွင်ထွန်း (အမက ၁၃)၏ ညီမလေးသည် ၁၉–၇–၂၀၀၄ ရက် နံနက်တွင်ကွယ်လွန်သွားပါ၍ ၎င်းနေ့ ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၁၃–၇–၂၀၀၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခဲ့သော ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး ဒေါ်ညွန့်ရင် အသက်(၇၁)နှစ် (ယုဇန–မုန့်ဆိုင်–မော်ဘီ) နာမကျန်းစဉ်က ဂရုတစိုက်ပြုစုကုသပေးခဲ့သောအမှတ်(၂) တပ်မတော်ဆေးရုံမှ ပါရဂူကြီးများ၊ ဆရာဝန် ဆရာမများနှင့် သူနာပြုအရာရှိများ၊ သူနာပြုအကြပ်စစ်သည်များအားလုံးနှင့် ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများနှင့်ရပ်မိရပ်ဖများ၊ လိုက်ပါပို့ဆောင်ကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

Three Seasons Centre
Electronic & Computer Accessories
ကို ၁၅–၇–၂၀၀၄ မှစ၍ ဖွင့်လှစ်လိုက်ပါပြီ။
သက်သာမှန်ကန် အာမခံ၊
ပို့ဆောင်ပြုပြင် Three Seasons
M.G.W Centre

MIN KYAW MIN'S
SPOKEN ENGLISH CLASS
9.00 am to 11.30
Multi-media style audio-visual aid
THE NEW LIGHT OF MYANMAR

ထွက်ပြီ
စကြဝဠာကြီးမည်မျှကျယ်သနည်း
သံသရာကြီးမည်မျှရှည်သနည်း
ဗုဒ္ဓဟောကြားခဲ့သည့် အဘိဓမ္မာတရားတော်တွင်
ကမ္ဘာကြီးလုံးနေသည့်သဘောများပါရှိသည်
အထက်ပါအကြောင်းများကိုသိရှိရန်
စာရေးဆရာ **"ဗိုလ်လုံ"**၏
"စကြဝဠာနှင့် သံသရာ" စာအုပ်ကို ဖတ်ပါ
မြင့်မိုရ်စာပေ ၅၂၇ ကုန်သည်လမ်း၊ ဖုန်း–၂၄၃၁၈၂။

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့ မိတ်ဆွေ ဦးခင်မောင်သိန်း ၁၂/စခန(နိုင်)၀၂၉၃၈၅ ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၈အီး)၊မြေကွက် အမှတ် ၁၀၈/၄၄၊ နှစ် ၆၀ မြေငှားဂရန်ဟုခေါ်တွင်သည့် အမှတ် ၃၀/အေ၊ ငှက်ပျောတောလမ်း၊ ကျွန်းတောမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ရှိ မြေနှင့်အိမ်ကို ဝယ်ယူရန်အတွက် ဒေါ်လှလှအောင် ၁၂/စခန(နိုင်)၀၁၅၆၄၂ သို့ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးသိန်းညွှန့် ဒေါ်လှလှထွေး
B.A, H.G.P, R.L, D.B.L, D.M.L LL.B (စဉ်–၂၃၃၀၁)
တရားရုံးချုပ်ရှေ့နေ
အထက်တန်းရှေ့နေ

ရုံး– MFTBဘဏ်ရှေ့၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၀၀၈၀

အိမ်– အမှတ် ၃၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၅၀၀၂၅၃

အများသိစေရန်

LL.B, D.B.L

Golden Eagle Melamine Ware

Golden Eagle Melamine Ware

Melamine Wares 1996.May.9
Golden Eagle Melamine Ware Distribution Center
Golden Eagle Melamine Ware
Golden Eagle Melamine
Melamine
Melamine Compound Urea
Melamine Urea
Urea melamine
Golden Eagle Melamine Ware

ဝမ်းနည်းကြေကွဲခြင်း ဦးတင်လှသန်း အသက်(၆၇)နှစ်

မော်လမြိုင်အသင်းအမှုဆောင် ဒေါ်ခင်သိန်း၏ ချစ်လှစွာသော ခင်ပွန်း ဦးတင်လှသန်း (ရာသက်ပန်အသင်းဝင်)သည် (၁၈–၇–၂၀၀၄)ရက်တွင် ကွယ်လွန်သွားခြင်းအတွက် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မော်လမြိုင်အသင်း(ရန်ကုန်)မှ သူငယ်ချင်းအပေါင်းအသင်းများ။

ဝမ်းနည်းကြေကွဲခြင်း ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးညိုမောင် (မိဘမေတ္တာသစ်ခွဲစက်) အသက်(၇၄)နှစ်

ဦးညိုမောင် (မိဘမေတ္တာ သစ်ခွဲစက်) တောင်ဥက္ကလာပမြို့သည် (၁၈–၇–၂၀၀၄) ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

ကိုတင်ဝင်း–မနွယ်နွယ်ဝင်း
စမ်းချောင်း။

ဝမ်းနည်းကြေကွဲခြင်း ဦးကျင်လိုက် (မြိတ်)

မြိတ်မြို့တပ်ပြင်ရပ်၊ ဗိုလ်ဗထူးလမ်းနေ(ဦးကြူဝါး)–ဒေါ်ကြည်တို့၏ သား၊ (ဦးအောင်ဖူး–ဒေါ်လားမ)တို့၏ သားမက်၊ (ဒေါ်သောင်းအေး)၏ ခင်ပွန်းဖြစ်သူ ဦးကျင်လိုက်သည် ၁၅–၇–၂၀၀၄ ရက်တွင်ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဦးမောင်လေး–ဒေါ်အေးနွဲ့ (ရန်ကုန်)
ဦးကျော်ဝင်း–ဒေါ်တင်ရီ (ရန်ကုန်)
ဦးဖုန်းသော်–ဒေါ်မြင့်သန်း (ကျောက်ဆည်)

ဝမ်းနည်းကြေကွဲခြင်း ဒေါ်ထွေးညွန့် (မြိတ်)

မြိတ်မြို့နေ ဦးယုလွင်၏ဇနီး၊ ဦးဝင်းနိုင်၊ ဦးကျော်နိုင်၊ ဦးအောင်မွန်၊ ဦးစန်းကိုကိုတို့၏ မိခင်သည် ၁၈–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်ဇော်လွင်–မအေးမြတ်မွန်
ရွှေထိပ်တန်းဆေးလိပ်မိသားစု၊ ပဲခူးမြို့။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း ဒေါ်ဂျမီ (ကျောင်းကုန်းမြို့) အသက်(၉၆)နှစ်

ကျောင်းကုန်းမြို့၊ အမှတ် ၁၄၊ ဆေးရုံလမ်းနေ (ဦးမောင်လှ)၏ဇနီး၊ ဦးတင်ထွန်း–ဒေါ်ခင်မြတို့၏ မိခင်၊ မသူဇာထွန်း၊ မစန္ဒာထွန်း၊ မနွယ်နီထွန်း–Dr.သန်းမောင်ချစ်၊ မမြတ်ကေသီထွန်းတို့၏ အဘွားသည် ၁၇–၇–၂၀၀၄ ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ယင်းနေ့ မဂ္ဂရစ်နမာဇ် အပြီးတွင် ကျောင်းကုန်းမြို့ မွတ်စလင် ကဘာရ်စတန်တွင် ဒါဖနာပြီးဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများ သိစေရန် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဝင်းဒင်(ခ)ဦးလှမောင် (နတ်တလင်း)
ဒုတိယစက်မှုလက်မှုညွှန်ကြားရေးဝန်(ငြိမ်း)
ညွှန်မှူး(မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၊ငြိမ်း)
နတ်တလင်းမြို့ဘိုးဘွားရိပ်သာ မတည်အလှူရှင်
အသက်(၈၅)နှစ်

နတ်တလင်းမြို့နေ(ဦးကျော်-ဒေါ်အုံးစိန်)တို့၏သား၊ခေတ္တ-ဩစတြေးလျနိုင်ငံနေ ဒေါ်မြသွင်၏ခင်ပွန်း၊ နတ္တလင်းမြို့ဈေးလမ်းနေ (ဦးရှိန်-ဒေါ်ကြင်မြ)တို့၏မောင်၊ နတ်တလင်းမြို့နေ ဦးတင်လှိုင်-ဒေါ်သန်းကြည်တို့၏အစ်ကို၊ ရန်ကုန်မြို့နေ (ဒေါက်တာဦးထွန်းဦး) - ဒေါ်ခင်စောတို့၏ အစ်ကိုသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၂၂-၇-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ဆစ်ဒနီမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်သန်းကြည် (ဒလ)
အသက်(၇၈)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ် ၁၀၁ နေ (ဦးဘိုးသင်-ဒေါ်ငွေညွန့်)တို့၏သမီး၊ (ဦးအုန်းဖေ)၏ဇနီး၊ ဦးရဲမြင့်၊ ဦးတင်ဝင်း-ဒေါ်ခင်စန်းမြင့်၊ ဦးခင်မောင်မြ-ဒေါ်ခင်စန်းချစ်၊ ဦးရဲရင့်-ဒေါ်ခင်မျိုးလှိုင်၊ ဦးမောင်မောင်ဦး-ဒေါ်လှလှနု၊ ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်လှ၊ ဦးသန်းဦး-ဒေါ်ခင်စန်းမာ၊ ဦးမောင်မောင်ကျော်၊ (ဦးမောင်မောင်သိန်း)-ဒေါ်ဌေးဌေးဝင်း၊ (ဦးဝင်းနိုင်)တို့၏မိခင်၊ မြေး ၂၈ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက်(သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဇ (ပုသိမ်)
[တိုင်းပညာရေးမှူး(စစ်ဆေး)ငြိမ်း]
အသက်(၆၉)နှစ်

[တိုင်းပညာရေးမှူး(စစ်ဆေး)ငြိမ်း] ဦးကျော်ဇသည် ၂၀-၇-၂၀၀၄ရက်တွင် ပုသိမ်မြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်သန်း၊ ဦးရဲမြင့်၊ ဦးဘခိုင်၊ ဦးခင်မောင်ဇော်၊
ဒေါ်တင်မေဝင်း၊ ဒေါ်ခင်ခင်ဌေး
ပညာရေးမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

အောင်လံမြို့၊ စက်ရုံရပ်၊ ပြည်လမ်းနေ ဦးဝင်းသောင်း၏ဇနီး၊ ကိုစိုးပိုင်-မခင်မြတ်ဆွေ(Paing Family International Co.,Ltd.)တို့၏မိခင် ဒေါ်သန်းဝင်း အသက်(၅၇)နှစ် (အောင်လံ)သည် ၁၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအောင်ကျော်ဦး-ဒေါ်နန်းစံဟွမ်ဆိုင်(ဝါဝါဝင်း)
ဒေါ် K နန်းထန် (CK Bank)
ဗိုလ်မှူးမြတ်စိုးဝင်း-ဒေါ်ရွှေယင်းမာ။

ဝမ်းနည်းကြေကွဲခြင်း
ကိုမျိုးကျော်ဦး
အသက်(၃၃)နှစ်

ကမ္ဘောဇဘဏ်လီမိတက်(ရုံးချုပ်) အထူးလုပ်ငန်းများဌာနမှ လက်ထောက်မန်နေဂျာ ကိုမျိုးကျော်ဦးသည် ၂၁-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကမ္ဘောဇဘဏ်ဝန်ထမ်းများ။

ဘုရား၊ရဟန်း၊ကျောင်း ဇီဝိတဒါနသံဃာ့ဆေးရုံ ဆွမ်းဒါယိကာမကြီး
ဒေါ်ဆွေ (လပွတ္တာမြို့)
အသက်(၉၅)နှစ်

ဧရာဝတီတိုင်း၊ ငပုတောမြို့နယ်၊ ရေပေါ်လေးကျေးရွာနေ (ဦးဖိုးနီ-ဒေါ်ဝါဖြူ)တို့၏သမီးထွေး၊ (ဦးစိန်ကြီး-ဒေါ်မေသောင်း)၊ (ဦးမောင်ပု-ဒေါ်အုန်းခင်)၊ (ဦးမောင်ငြိမ်း-ဒေါ်မယ်ယဉ်)၊ (ဦးမောင်နု-ဒေါ်တင်မေ)၊တို့၏ ညီမ၊ ပဲခူးမြို့နေ ဦးတင်မြင့်-ဒေါ်ခင်သန်း၊ ရန်ကုန်မြို့နေ ဦးခင်ရွှေ(ခ)ဦးခင်မောင်ဆွေ(PPE၊အငြိမ်းစား)လပွတ္တာမြို့နယ်ရာသက်ပန်အသင်းဝင် (ဒေါ်ခင်နွယ်အေး)၊ လပွတ္တာမြို့နေ (ဦးသန်းအောင်)၊ မန္တလေးမြို့နေ (ဦးလှိုင်သိန်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်ခင်ပြုံးရီတို့၏ မိခင်၊ လပွတ္တာမြို့နေ (ဦးမောင်သော့)၏ဇနီး၊ မြေး ၁၁ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘွားသည် မန္တလေးမြို့၊ (၅၁၂) ရပ်ကွက်၊ ဦးပုဒ်တော်ကုန်း၊မဟာအောင်မြေအနောက်ပိုင်း၊ အိမ်အမှတ် ၅၈/၂၂ တွင် ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၃-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မရန်သိန်းရန် ကိုင်ဆောင်သော မြန်မာနိုင်ငံကူးလက်မှတ်အမှတ်-၅၈၂၆၁၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။

တိုက် A (ခုနစ်လွှာ)၊
အခန်း ၁၃၊ နဝဒေးအိမ်ရာ၊
ဒဂုံမြို့နယ်၊ ဖုန်း-၃၈၂၇၇၄။

ဦးစီမိုး(ခ)ဦးအီးစီးမိုး
(ငါးထပ်ကြီး)
ဒလသင်္ဘောကျင်း(ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၇၊ ဆာဖိုးသာခြံ၊ ငါး/တောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဒေါ်ရင်နု၏ခင်ပွန်း၊ ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်ဆွေ၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်သန်းလှ၊ ဦးသန်းအေး-ဒေါ်သိန်းသိန်းဦး၊ (မကြည်ကြည်သန်း)၊ မောင်သိန်းဟန်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၀-၇-၂၀၀၄ရက် နံနက် ၅ နာရီတွင် ဖျာပုံမြို့၌ ကွယ်လွန်ပါ၍ ၂၂-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ကြီး (ချန်ကောက်)
(သုံးခွမြို့)
အသက်(၅၁)နှစ်

သုံးခွမြို့၊ အောင်ဇေယျလမ်း၊ (၄) ရပ်ကွက်နေ ဦးထွန်းလှိုင်-(ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးမျိုးထွန်း-ဒေါ်ဝင်းဝင်းဆွေ၊ ဦးခိုင်ကြူ-မမြင့်မြင့်ထွန်း၊ ဦးစိန်ဝင်းမောင်-မအေးအေးထွန်းတို့၏အစ်ကို၊ မသက်ထားအိ၏ဖခင်၊ ဒေါ်ရင်ရင်ဌေး၏ခင်ပွန်းသည် ၂၂-၇-၂၀၀၄ရက် နံနက် ၇း၁၅ နာရီတွင် ယူနီဗာစီတီရိပ်သာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သုံးခွမြို့ နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးခင်မောင်မြင့် (၃)
လ/ထ ညွှန်မှူး(ငြိမ်း)၊အကောက်ခွန်ဦးစီးဌာန
(ရမည်းသင်း)
အသက်(၇၄)နှစ်

ရမည်းသင်းမြို့၊ (ဦးဖေထွန်း-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်မြို့ (ဦးယုဂျင်း-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်ခင်မိမိ (တက္ကသိုလ်ဘာသာပြန်ဌာန၊ငြိမ်း)၏မောင်၊ ဆရာဦးဝင်းမောင်၊ ဒေါ်ခင်စန်းနွဲ့တို့၏အစ်ကို၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက်အမှတ် ၂၇၃၊ အခန်း ၅ နေ ဒေါ်ချိုချို (အထက-၄၊ မရမ်းကုန်း၊ ငြိမ်း)၏ခင်ပွန်း၊ ဦးကျော်ဇေယျ(ရွှေမြင်းနှစ်ကောင်ကုမ္ပဏီ)-ဒေါ်သဇင်ထွန်း၊ ဦးမျိုးမြင့်မော် (2^{nd} Mate,FG)-ဒေါ်စန္ဒာတင် (MGS Food Co.,Ltd)၊ ဦးမျိုးတင့်ဇော်(Myanmar Lighting Many factaring Co., Ltd.)တို့၏ဖခင်၊ ဦးခင်မောင်ဝင်း(စစစ)ရန်ကုန်တိုင်း၏ဦးလေး၊ မဇင်နှင်းဖြူ(အထက-၂၊ ဗဟန်း)၊ မသန္တာလင်းကျော်(ရန်ကင်း TTC)တို့၏အဘိုးသည် ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မှူ (ပုသိမ်)
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်အမှတ် ၁၁၂၊ အခန်းအမှတ် ၆ နေ(ဦးမိုဒင်-ဒေါ်လှရင်)တို့၏သား၊ ဒေါ်ကျော့ကျော့တင်၏ခင်ပွန်း၊ ဦးရဲသွင်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-ဒေါ်တင်မိုးဝေ(အထက-၂၊ ရန်ကင်း)၊ ဒေါ်ခင်မိုးမြင့်၊ ဒေါ်ခင်မျိုးဌေး(ပြည်သူ့လွှတ်တော်ဆောက်လုပ်ရေး)၊ (ဒေါ်ဥမ္မာအေး)၊ ကိုတင်မောင်နိုင်၊ ဦးဌေးလွင်(ASIA World Port Terminal)-ဒေါ်ခင်မျိုးအေးတို့၏ဖခင်၊ မခိုင်ငြိမ်ဇင် (V- A၊ အထက-၂၊ ရန်ကင်း)၏ အဘိုးသည် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
သုခမ္မမဏိဇောတဓရ ဦးထွန်းဝ

၁၃-၇-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ကွယ်လွန်အနိစ္စရောက်ရှိသွားသော သုခမ္မမဏိဇောတဓရ ဦးထွန်းဝ နာမကျန်းဖြစ်စဉ် ကူညီကုသပေးခဲ့သော တောင်ကြီးမြို့ ကမ္ဘောဇဆေးရုံ၊ စဝ်စံထွန်းဆေးရုံတို့မှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများ အားလည်းကောင်း၊ တောင်ကြီးမြို့ရှိ မိတ်ဆွေသင်္ဂဟများအားလုံး၊ Yangon Airways မှ ဝန်ထမ်းများအားလုံး၊ ရန်ကုန်မြို့ Sakura ဆေးခန်းမှ ဒါရိုက်တာနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများ၊ ဝန်ထမ်းများ အားလုံးကိုလည်းကောင်း၊ ဈာပနကိစ္စအဝဝတွင် ကူညီပေးကြသော စိတ္တသုခ ဝတ်အသင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာမှ တာဝန်ရှိပုဂ္ဂိုလ်နှင့်ဝန်ထမ်းများ အားလုံး၊ လှူဖွယ်ပစ္စည်းနှင့်ဝတ္ထုငွေများ၊ ပန်းခြင်းများ၊ မော်တော်ယာဉ်များဖြင့် ကူညီပေးခဲ့သော မိတ်ဆွေသင်္ဂဟများအားလုံး၊ ဝမ်းနည်းကြောင်းလူကိုယ်တိုင်သတင်းစာ၊ တယ်လီဖုန်း၊ e-mail၊ ကြေးနန်းနှင့် ဆက်သွယ်ပေးပို့ကြသော မိတ်ဆွေသင်္ဂဟများ၊ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ အစစအရာရာ ကူညီပေးခဲ့သော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ရှိထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုမှကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးစိန် (မင်းဘူး)
အသက်(၈၂)နှစ်

ဦးထွန်းဝင်း (GM, Minn Anawrahta Group Co., Ltd.)-ဒေါ်စိုးစိုးဝင်းတို့၏ကျေးဇူးရှင်မိခင် ဒေါ်အေးစိန် (၈၂)နှစ်သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
Minn Anawrahta Group Co., Ltd.။

ဘုရား၊ရဟန်းဒါယကာကြီး
ဦးတင်မောင် (မုံရွာ)
အသက်(၈၅)နှစ်

မုံရွာမြို့နေ ဦးဖိုးခ-ဒေါ်ရွှေတင့်တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် ၁၊ ဖိုးရာဇာလမ်းနေ ဒေါ်အုန်း၏ခင်ပွန်း၊ ရဲမှူးကြီးအောင်ကြီး(ငြိမ်း)-ဒေါ်ညိုညိုတင်၊ ဦးမောင်စိုး-(ဒေါ်ညိုရင်)၊ ဦးတင်အုန်း၊ ဦးမြင့်သိန်း-ဒေါ်နီနီစိုး၊ ဦးလှမြင့်-ဒေါ်ခင်မြတ်ဆွေ၊ တပ်ကြပ်ကြီး သာထွန်း (ယာဉ်ထိန်း၊ မုံရွာ) - ဒေါ်ရီရီမြင့်တို့၏ ဖခင်ကြီး၊ ဒေါက်တာခင်မောင်စိန်-ဒေါ်နီနီအောင်၊ ဗိုလ်မှူးသိန်းထွဋ်ဦး - ဒေါ်ဖြူဖြူအောင်၊ ဦးမျိုးမင်းအောင် (ဘောဂမဏ္ဍိုင်-၂၊ သစ်စက်)-ဒေါ်သီဂီထွေး၊ မောင်နိုင်ဝေယံ၊ မဝေဝေဖူး၊ မောင်လင်းထက်လင်း၊ မကေခိုင်ထွန်း၊ မဇာခြည်ထွန်း၊ မောင်မင်းဇော်ထွန်းတို့၏အဘိုး၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၇-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဝင်းဒင်(ခ)ဦးလှမောင်
(နတ်တလင်း)
ဒုတိယစက်မှုလက်မှုညွှန်ကြားရေးဝန်(ငြိမ်း)
ညွှန်မှူး(မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၊ငြိမ်း)
နတ်တလင်းမြို့ဘိုးဘွားရိပ်သာ မတည်အလှူရှင်
အသက်(၈၅)နှစ်

ဦးခင်မောင်ဦး-ဒေါ်မြင့်မြင့်ဦး၊ (ဒေါ်ရီရီမြင့်)၊ ဦးသိန်းလွင်-ဒေါ်ခင်စောဟန်၊ ဦးယုဟန်-ဒေါ်ရွှေဥ၊ ဒေါက်တာရဲမြင့်အောင်-ဒေါက်တာနွယ်နွယ်ဦး၊ ဦးသက်ဆွေ-ဒေါက်တာခင်သူဇာ၊ ဦးကျော်စိုးဦး(MRTV)၊ (ကိုမြတ်စိုးဦး)၊ ကိုဝင်းအောင်ဦး၊ ကိုမောင်မောင်တင်ညွန့်ပု-မမြတ်ဖြိုးဖြိုး၊ ကိုဇော်မင်းမင်း-မသင်းသင်းဆိုင်တို့၏ ဦးလေးကြီးသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၂၂-၇-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ဆစ်ဒနီမြို့၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူတူ၊တူမများ။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးကျော်ငြိမ်း
ဆေးသုတ်(ငြိမ်း)
မန္တလေးမြို့(ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်)
အသက်(၈၄)နှစ်

မန္တလေးမြို့၊ စက်မှုတိုင်း(၄) ဆည်မြောင်းဝင်း၊ ပြည်ကြီးတံခွန်နေ ဒေါ်သန်းစိန်၏ခင်ပွန်း ဦးကျော်ငြိမ်း ရာသက်ပန်အသင်းဝင်အမှတ်(၃၈၃)သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၇-၂၀၀၄ရက်တွင် တောင်ပြင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ကျိုက်လတ်မြို့နယ်အသင်း
ဦးလွင်နိုင်(ခ)ဦးလှမြင့်
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၄ နေ(ဦးဘရှင်-ဒေါ်ငွေစိန်)တို့၏သား၊ ဒေါ်ဖြူဖြူ၏ခင်ပွန်း ရာသက်ပန်အသင်းဝင် ဦးလွင်နိုင်(မြို့နယ်ဦးစီးမှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဒေါ်သိန်း (ဒလ)
အသက်(၈၈)နှစ်

ဒလမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ ဗန္ဓုလ ၁ လမ်းနေ (ဦးထွန်းငွေ)၏ဇနီး၊ (ဦးတင်စိုး)-ဒေါ်မြင့်မြင့်စိန်၊ဦးစိန်သန်းအောင်-ဒေါ်ညွန့်ညွန့်၊ ဦးဖေသန်း-ဒေါ်ဖြူဖြူအေး၊ ဦးသိန်းတန်-ဒေါ်နီနီဌေး၊ ဦးမောင်မောင်သန်း-ဒေါ်ကြည်ကြည်ဌေး၊ ဒေါ်စိန်စိန်ရီတို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၂၁-၇-၂၀၀၄ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ဒလသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးဝင်းဒင်(ခ)ဦးလှမောင်
(နတ်တလင်း)
ဒုတိယစက်မှုလက်မှုညွှန်ကြားရေးဝန်(အငြိမ်းစား)
ညွှန်မှူး(မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၊ငြိမ်း)
နတ်တလင်းမြို့ဘိုးဘွားရိပ်သာ မတည်အလှူရှင်
အသက်(၈၅)နှစ်

ခေတ္တ-ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဦးကြည်ဝင်း-ဒေါ်ခင်မေဦး၊ ၁၇၊ သပြေညိုလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့နေ ဦးခင်မောင်မြင့်-ဒေါ်ခင်ဆွေဦး၊ ခေတ္တ-ဩစတြေးလျနိုင်ငံနေ ဒေါက်တာဦးဇော်ဝင်းဦး၊ ခေတ္တ-ဩစတြေးလျနိုင်ငံနေ ဦးအောင်ဝင်းဦး-ဒေါ်ခင်ဆွေဆွေထွန်းတို့၏ဖခင်၊ ခေတ္တ-ဩစတြေးလျနိုင်ငံနေ မိုးဇော်ဦး၊ ဇော်မိုးခိုင်-ညိုညိုမြင့်၊ ကျော်ဖြိုးခိုင်-ခိုင်ခိုင်ဇော်၊ နန္ဒကျော်၊ ဝေဇော်ဦး-မြတ်မဥ္ဇူ၊ စောရူပါတို့၏ အဘိုး၊ အောင်ဖြိုးကျော်၏ ဘိုးဘိုးကြီးသည် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ၂၂-၇-၂၀၀၄ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၇-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ဆစ်ဒနီမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟများအားအကြောင်းကြားသိစေအပ်ပါသည်။ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်တင်ကြူ
အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၅၅(ပထမထပ်)နေ ဦးမောင်မောင်ကြီး(မင်းသားကြီးအာဂါခန်၏ မြန်မာပြည် ဌာနေကိုယ်စားလှယ်)၏ ဇနီးသည် ၂၂-၇-၂၀၀၄ရက် နံနက် ၆ နာရီတွင်အလ္လာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုနမားဇ်အပြီးတွင် ရေဝေးခိုဂျာအစ္စမိုင်း(လ်)ကဘာရစ္စတန်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စိန်မြင့်
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၉၊ ဓမ္မပါလလမ်း၊ ဆရာစံတောင် (စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဦးကျော်လွင်ဦး၏ဇနီး၊ (ဦးဝင်းမော်)-ဒေါ်ခင်နှင်းရီ၊ ဒေါ်ဝင်းဝင်းဆွေ(ဆုံကုန်း အမက၊ ကျောင်းအုပ်)၊ ဦးမောင်မောင်ဦး-ဒေါ်မြင့်ဆွေ၊ ဦးမောင်မောင်လွင်-ဒေါ်တင်တင်ချို၊ (ဦးကိုကိုဦး)-ဒေါ်မီမီဆွေတို့၏မိခင်၊ မခိုင်ဇာမော်၊မြသဥ္ဇာထက်(အထက-၃၊တာမွေ)၊ မောင်မျိုးမင်းပိုင်(အထက-၂၊ ဗဟန်း)၊ မြယဉ်မင်းအောင်(အမက-၁၀၊ ဗဟန်း)တို့၏ဘွားဘွားကြီးသည် ၂၂-၇-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ကြီး (ချန်ကောက်)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ၄၈လမ်းနေ(Dr.ဦးအေးချို)-ဒေါ်ခင်လှတို့၏သား၊ ဒေါ်မေစီချို၊ ဒေါ်လီလီချို၊ဦးဂျော်နီချိုတို့၏ညီ/မောင်၊ ဦးခင်မောင်လတ်၊ ဦးခင်မောင်လေး၊ ဦးမောင်မောင်တာ၊ (ဦးခင်မောင်ဇင်)၊ ဦးအောင်ကြီး၊ ဒေါ်မြမြဝင်းတို့၏အစ်ကိုသည် ၂၂-၇-၂၀၀၄ရက် နံနက် ၇း၁၅ နာရီတွင် ယူနီဗာစီတီရိပ်သာ အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၄၈ လမ်း နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးတင်အေး
(အထက-၁၊ဗဟန်း၊ငြိမ်း)
လူထုပညာရေးမှူးဟောင်း
ဗဟန်းမြို့နယ်၊
ကြက်ခြေနီအသင်းဥက္ကဋ္ဌဟောင်း
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၄၊ အခန်း ၂၃ နေ ဒေါ်ခင်ငွေ၏ခင်ပွန်း၊ ဦးမောင်မောင်စန်း-ဒေါ်မြင့်မြင့်ဦး(မီးခြစ်-၂)၊ ဦးညွန့်အေး(MPE)၊ ဦးကျော်အေး(ရွှေဒေါ်လာ အအေးခန်းစက်ရုံ) - ဒေါ်ခင်အေးမူ၊ ဦးသန်းအေး(ပြည်တွင်း ရေကြောင်း)-ဒေါ်ချိုမာလွင်၊ဒေါ်နွဲ့နွဲ့အေး(အလက-၃၊ ဗဟန်း)၊ ဦးအေးဇော်(MPPE)-ဒေါ်မာမာချို၊ဦးအေးကျော်(MC အအေးခန်းစက်ရုံ) - ဒေါ်ကြည်ကြည်ထွေး၊ ဒေါ်ကြည်ကြည်အေး၊ ဦးကျော်သူ၊ ဒေါ်မူမူအေး(မြန်မာစာဌာန၊ဒဂုံတက္ကသိုလ်)၊ ဦးကျော်သီဟ-ဒေါ်ခင်ထွေးအေး(မြန်မာ့အာမခံလုပ်ငန်း)တို့၏ဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၀၄ ရက် (ကြာသပတေးနေ့)နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက်(စနေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ညွန့်ရီ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပန်းပင်ကုန်းရပ်ကွက်၊ ကျားပျံလမ်း၊ အမှတ် ၉၁ နေ (ဦးဘတင်)၏ဇနီး၊ ဦးညွန့်စိန်-ဒေါ်တင်စုး၊ (ဦးစိုးလှိုင်)-ဒေါ်ဝင်းသိ၊ (ဦးတင်ညွန့်)-ဒေါ်သောင်းမြင့်၊ ဦးသိန်းလှိုင် - ဒေါ်စမ်းစမ်းနွယ်၊ ဦးသိန်းထွန်း(မြန်မာ့ကြယ်ငါးပွင့်၊ ထားဝယ်သင်္ဘော)-ဒေါ်ယဉ်မြင့်(လူ့ရည်ချွန်မူကြို)၊ (ဦးကျော်စိုး)တို့၏မိခင်၊ ကိုကိုမောင်-မခင်လေးနွယ်၊ ဦးအောင်မျိုး၊ ကိုသက်ဦး(ဥသာဂိတ်)-မငြိမ်းလဲ့လဲ့မိုး၊ ကိုသက်ထူး(တက်လမ်း အဝေးပြေးဂိတ်၊ မန္တလေး)၊ ကိုအောင်သူ(စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့)၊ မဇင်မာထွန်း(ဆုစာသင်ဝိုင်း)၊ ကိုကျော်အေး-မယမင်းလှိုင်၊ မောင်အောင်ချစ်မင်း (ဒု-နှစ်၊ သတ္တဗေဒ)၊ မကေဇင်ထွန်း (GTC၊ မော်ဘီ)တို့၏အဘွားသည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစံရွှေ
လက်ထောက်မန်နေဂျာ(ငြိမ်း)
(ဘဏ်ခွဲ-၆)
အသက်(၇၆)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ အမှတ် ၁၁၀၂၊ ဗန္ဓုလလမ်းနေ ဒေါ်ကြည်၏ခင်ပွန်း၊ (ဦးစောဖေ-ဒေါ်ငွေညွန့်)တို့၏ သား၊ ကိုတင်ထွန်းအောင်၏ဖခင်သည် ၂၁-၇-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ထားဝယ်ချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊မြေ၊ကျောင်း ဒါယကာကြီး
ဦးလှဟန် (အင်္ဂပူ)
(မှန်နှင့်တရုတ်ကပ်လုပ်ငန်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ အမှတ် ၉၈၊ အနောက်မြို့ပတ်လမ်းနေ (ဦးဘိုးခွေ-ဒေါ်သူဇာ)တို့၏သား၊ (ဒေါ်အမာကြည်)၏ခင်ပွန်း၊ ဦးထွန်းလှိုင်-ဒေါ်ရီရီတင် (လှဟန်နှင့်သားများ မှန်တရုတ်ကပ်)၊ ဦးလှမင်း-ဒေါ်ကြည်အောင်၊ ဦးကျော်မောင်-ဒေါ်စန်းစန်းဦး၊ (ဦးလှဌေး)၊ ဦးတင့်လွင်-ဒေါ်နီနီခိုင် (လှမင်း မှန်တရုတ်ကပ်)၊ ဦးအေးသန်း-(ဒေါ်သီသီခိုင်)၊ မမြင့်မြင့်သောင်း၊ မယဉ်ယဉ်အေး၊ မောင်မျိုးမြင့်အောင်(အောင်တံခွန် အလှမီနီယံနှင့် မှန်တရုတ်ကပ်)တို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၂၁-၇-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သောဘိတ
သာသနာ့ဝိသုဒ္ဓိကာရီကျောင်း၊
ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊
ရွှေဂုံတိုင်လမ်း၊ဗဟန်း၊ရန်ကုန်
သက်တော်(၆၄)နှစ်၊
သိက္ခာတော်(၄၄)ဝါ

ပြည်မြို့၊ခေတ္တရာမြို့သစ်၊ ၂/၅ လမ်းနေ ခမည်းတော်(ဦးအေး)-မယ်တော်ဒေါ်ပြန့်တို့၏သား၊ ရန်ကုန်မြို့၊တာမွေမြို့နယ်၊သမိန်ဗရမ်းလမ်းနေ(ဦးကြူးဝါး-ဒေါ်ကြည်မြိုင်)၊ (ဦးတင်စော-ဒေါ်ညွန့်တင်)၊ဗဟန်းမြို့နယ်၊ အေးချမ်းသာယာလမ်း၊ အမှတ် ၇၄(D)နေ (ဦးကြည်ယာ)-ဒေါ်ခင်တင့်တို့၏သား ဘုန်းတော်ကြီး ဘဒ္ဒန္တ သောဘိတသည် ဒုတိယဝါဆိုလဆန်း ၄ ရက် (၂၀-၇-၂၀၀၄ ရက်) အင်္ဂါနေ့ နံနက် ၁၀း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဒုတိယဝါဆိုလဆန်း ၈ ရက် (၂၄-၇-၂၀၀၄ရက်) စနေနေ့ ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ (ခြောက်ထပ်ကြီး သာသနာ့ဝိသုဒ္ဓိကာရီကျောင်းမှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူတပည့်ဒါယကာ၊ ဒါယိကာမများ။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးသောင်း
လုပ်သား(ငြိမ်း)၊အမရပူရ
အသက်(၈၄)နှစ်

အမရပူရမြို့၊ ရေဘုတ်ကျေးရွာနေ ဦးသောင်း ရာသက်ပန်အသင်းဝင်အမှတ်(၁၀၈၇)သည် ၁၉-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
ဦးချစ်
(ယန္တရားမောင်း-၃၊ငြိမ်း)
မိတ္ထီလာမြို့
အသက်(၆၉)နှစ်

မိတ္ထီလာမြို့၊ တိုးချဲ့ပြည်ထောင်စုရပ်ကွက်၊ ဝန်ဇင်(၂)နေ ဒေါ်အုန်းရီ၏ခင်ပွန်း ဦးချစ် ရာသက်ပန်အသင်းဝင်အမှတ်(၁၉၉)သည် ၂၀-၇-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၀၄ရက်တွင် မြင်တော်ကန်သုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဦးလွင်နိုင်(ခ)ဦးလှမြင့်
(ကျိုက်လတ်)
မြို့နယ်ဦးစီးမှူး(ငြိမ်း)၊စာရင်းစစ်ချုပ်ရုံး
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်နီလမ်း၊ အမှတ် ၁၄ နေ (ဦးဘရှင်-ဒေါ်ငွေစိန်)တို့၏ သား၊ (ဦးလတ်-ဒေါ်ခင်ခင်)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူ(ဆေး-၁၊ ရုံးငြိမ်း)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မူနီ၏အစ်ကိုကြီး၊ မတိုးတိုးနိုင် (စည်ပင်ဦးစီး၊ ရုံးချုပ်)၊ ကိုရဲနိုင်(စစစ)-မသန်းသန်းအေး(စစစ)၊ ကိုရန်နိုင်-မစောနန္ဒာ (လွယ်ဟိန်းကုမ္ပဏီ)၊ ဒုတိယဗိုလ်ကောင်းထွဋ်နိုင်(လှိုင်ကော်)တို့၏ဖခင်၊ မသမုဒယရန်နိုင်၏အဘိုး၊ မောင်အေးနိုင်၊ မောင်ဝင်းထွဋ်ဝင်းတို့၏ ဘကြီးသည် ၂၀-၇-၂၀၀၄ရက်တွင် ကန်သာယာဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၄-၇-၂၀၀၄ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးဝင်းတင့်(ခ)ဦးဝင်းမြင့်ဦး
အသက်(၄၉)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပုလဲ ၃၊ မ ၁၇၅ နေ (ဦးခင်မောင်စိန်) - ဒေါ်တင်စိန်တို့၏ သား၊ ဗိုလ်မှူးသောင်းတန် - ဒေါ်ခင်စန်းဦး၊ ဦးဝေဇင်-ဒေါ်နန်းနွန်း၊ ဦးဇော်မင်း-ဒေါ်ဥမ္မာ၊ ဒေါ်လဲ့လဲ့ခိုင်၊ ဦးအောင်အောင် - ဒေါ်အေးအေးမော် (ပြည်ပဆက်သွယ်ရေး)၊ ဦးမိုးလွင်ဦး-ဒေါ်စိုးစိုးလှိုင်၊ ကိုမြတ်မိုးအောင် (ကိုမိုးကြီး)-မတိုးတိုးခိုင်တို့၏အစ်ကိုသည် ၂၁-၇-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

အနောက်နိုင်ငံများက နိုင်ငံရေးရည်မှန်းချက်ဖြင့် မြန်မာနိုင်ငံကိုနည်းမျိုးစုံဖိအားပေးနေချိန် နိုင်ငံတကာနယ်ပယ်တွင် တရုတ်နိုင်ငံကမြန်မာနိုင်ငံဘက်မှ မားမားမတ်မတ်ရပ်တည် မြန်မာနိုင်ငံကလည်း One China Policy ကို စွဲမြဲစွာကျင့်သုံးပြီးအစဉ်အမြဲထောက်ခံခဲ့ မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား လေးနက်သောဆက်ဆံရေးသည် အခြားနိုင်ငံများနှင့်မတူ ထူးခြားသည့်အသွင်ဆောင်သည်ကို ဝန်ကြီးချုပ်၏ခရီးစဉ်ကပေါ်လွင်စေလျက်ရှိ နှစ်နိုင်ငံဆက်ဆံရေးမှာ ပေါက်ဖော်ချစ်ကြည်ရေးမှသည်အစ်ကိုချစ်ကြည်ရေးသို့ တိုးမြှင့်ဖြစ်ထွန်းလာ

ရှေ့ဖုံးမှ

ချစ်ကြည်ရင်းနှီးမှုပေါ်လွင်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တရုတ်နိုင်ငံဝန်ကြီးချုပ်က ပေကျင်းမြို့တွင် အခမ်းအနားနှင့် ကြိုဆိုခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီးများဖြစ်ကြသော သမ္မတ မစ္စတာဟူကျင်တောင်၊ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းအဖွဲ့ဝင် မစ္စတာလော်ဂန်တို့က ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးပြီး နှစ်နိုင်ငံအကြား သဘောတူညီချက် ၁၂ ခု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် တရုတ်-မြန်မာ ပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပေါ်လွင်စေပါသည်။

ညီလာခံပြန်လည်စတင်

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခွင့် ရရှိခဲ့ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေး အေးချမ်းတည်ငြိမ်လျက်ရှိပြီး စီးပွားရေးဖွံ့ဖြိုးမှု အထိုက်အလျောက်ရရှိနေကြောင်း၊ စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များသည် ရှင်ကျင့်မြို့ မြို့တော်ဝန် Mr. Li Hongzhong နှင့် အဖွဲ့နှင့်အတူ ဇူလိုင် ၁၆ ရက်တွင် Shenzhen Wuzhou Guest House ခန်းမ၌ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် စည်းရုံးရေးနှင့် တိုင်းရင်းသားရေးရာကဏ္ဍ များပါ တိုးချဲ့ပြီး စည်းရုံးလှုပ်ရှားဆောင်ရွက်နေပါတယ်။ အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်များ ကိုယ်တိုင် နယ်စပ်အစွန်အဖျား ဒေသများသို့ သွားရောက်ပြီး တိုင်းရင်းသူအမျိုးသမီးငယ်ရွယ်များနှင့် ထိတွေ့ကာ အမျိုးသမီးငယ်ရွယ်များနှင့် မိဘများကို စီးပွားရေးသမား အချို့၏ ဖြားယောင်းသွေးဆောင်မှုကြောင့် နားယောင်ပြီး လွဲမှားသည့် အယူအဆများ မဝင်ရောက်စေရေးနှင့် လမ်းမှား မလိုက်မိစေရန် ပညာပေး စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိပါတယ်။

ခင်မြန်မာ၏ဆောင်းပါး စာ-၁၀

မြန်မာပြည်မြောက်ဖျားစွန်း၌ တောက်ထွန်းလာနေသော ပန်နန်းဒင်မြို့၏ ဖြစ်ထွန်းတိုးတက်မှုမြင်ကွင်း။

စာ-၇

23-7 (20).p65 1 03/24/1905, 10:47 PM